# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်   ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ အင်္ဂါနေ့   အတွဲ(၆၅)၊ အမှတ်(၃၄၅)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟာဿဝဂ်(ဓမ္မပဒ-၁၁၂)

**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့**

❖ "ကျောင်း" နှင့် "စာသင်ခန်း"သည် နောင်အနာဂတ်တွင်ပေါ်ထွန်းလာမည့် "အစောဆုံး လူ့အဖွဲ့အစည်း"၊ တစ်နည်းအားဖြင့် "လူ့အဖွဲ့အစည်း၏ အစပြုနေရာ" ပင်ဖြစ်သည်။

**ယနေ့ မိုးလေဝသ**

(၁၅ - ၉ - ၂၀၂၆)

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။



## လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စကားဝိုင်း ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၄**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သည် အဂတိလိုက်စားမှုကို လက်သင့်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန်၊ လူငယ်ကဏ္ဍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရန် ရည်ရွယ်၍ "လူငယ်နှင့် ဖြောင့်မတ် တည်ကြည်မှု" လူငယ်စကားဝိုင်းများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့

စာမျက်နှာ ၃ ကော်လံ ၄ ❍

## မြင်းခြံမြို့၌ ကျောင်းပြင်ပ မူလတန်းပညာရေး ဖွင့်ပွဲပြုလုပ်

**မြင်းခြံ စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ မြို့နယ်အဆင့် ကျောင်းပြင်ပ မူလတန်း ပညာရေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ❏





## မဲနယ်တောင်ဒေသထွက် ထောပတ်သီးများ ပြည်ပဈေးကွက်ဝင်နိုင်ရေး နည်းပညာပေးသင်တန်းဖွင့်

**ဟိုပုံး စက်တင်ဘာ ၁၄**

ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသထွက် ထောပတ်သီးများ အရည်အသွေးကောင်းမွန်ပြီး နိုင်ငံတကာဈေးကွက်ဝင် စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ ထုတ်လုပ်နိုင်ရေးအတွက် ထောပတ်သီးစိုက်ပျိုးရေး နည်းပညာပေးသင်တန်းကို ဒုံလိတန်ကျေးရွာ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို ဟိုပုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် အထူးဒေသ-၆ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန(ဗဟို)တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ထောပတ်သီးစိုက်ပျိုးတောင်သူများအား GAP စိုက်ပျိုးရေးနည်းစနစ်၊ မြေယာနှင့် စိုက်ခင်းပြင်ဆင်မှု၊ မျိုးကောင်းမျိုးသန့် ရွေးချယ်မှု၊ ရေသွင်းခြင်းနှင့် မြေဩဇာအသုံးပြုမှု၊ ပိုးမွှားနှင့် ရောဂါကာကွယ်နှိမ်နင်းမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းသင်ကြားပေးခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၄ ❖

## ရန်ကုန်-မန္တလေး အမြန်လမ်း (ရန်ကုန်-နေပြည်တော်လမ်းပိုင်း) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ရန်ကုန်-မန္တလေး အမြန်လမ်း (ရန်ကုန်-နေပြည်တော်လမ်းပိုင်း) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး အပိုင်းလိုက်ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့်နေရာများတွင် စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ်(AC) ခင်းကျင်းနေမှု၊ မိုင်တိုင်အမှတ်(၁၆၅/၁)ရှိ ဆွာချောင်းတံတား အသွားလမ်းနေရာတွင် အရှည်ပေ ၉၀၀ တံတားအသစ်တစ်စင်း ထပ်မံတည်ဆောက်နေသည့် လုပ်ငန်းခွင်တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ယနေ့ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တံတား၊ လမ်း၊

စာမျက်နှာ ၃ ကော်လံ ၁ ✻

## ယနေ့ ဖတ်စရာ


တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ — ပြည်တွင်းသတင်း ➤ ၄

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲ — ပြည်တွင်းသတင်း ➤ ၄

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲ — ပြည်တွင်းသတင်း ➤ ၄

အနာဂတ်မျှော်မှန်း မြန်မာ့ပေါ်ဆန်း (သို့မဟုတ်) ဂုဏ်ပုဒ်နှင့် အရည်အသွေး- မြန်မာ့ပေါ်ဆန်း ဝင့်ထည်စွာ ရေရှည်တည်တံ့ရေး — ဆောင်းပါး ➤ ၁၀

ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ — ပြည်တွင်းသတင်း ➤ ၁၇





## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို


**“ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့ အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်  စက်တင်ဘာ ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Honorable Mr. TAKEI Shunsuke ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နှစ်နိုင်ငံသည် ၁၉၅၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်၍ သံတမန်ဆက်သွယ်မှုရှိခဲ့ပြီး အစဉ်အလာ ကောင်းမွန်ကာ ချစ်ကြည်ရင်းနှီးမှု ခိုင်မာခဲ့သော မိတ်ဆွေနိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ ထို့အပြင် မိမိတို့နှစ်နိုင်ငံသည် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အပြင် ပြည်သူအချင်းချင်းလည်း ရင်းနှီးကျွမ်းဝင်မှုရှိခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ်၌ လွတ်လပ်၍တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်များ ပေါ်ပေါက်လာပါကြောင်း၊ မိမိတို့နိုင်ငံ၏ လွှတ်တော်စနစ်သည် ဂျပန်နိုင်ငံ လွှတ်တော်စနစ်ကဲ့သို့ပင် လွှတ်တော်နှစ်ရပ်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်း၍ အခြားနိုင်ငံများနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂျပန် အောက်လွှတ်တော်နှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် မိမိတို့လွှတ်တော်တွင် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ အဆွေတော် ယခုကဲ့သို့ လာရောက်ခြင်းသည် မိမိတို့လွှတ်တော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် ပထမ ခြေလှမ်းပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် လွှတ်တော်ကဏ္ဍမှ စတင်ဆောင်ရွက်၍ရပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ထိတွေ့ ဆက်ဆံရေး၊ လွှတ်တော်ကော်မတီချင်း ဆက်ဆံရေး၊ လူငယ်၊ အမျိုးသမီးနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ချစ်ကြည် ရင်းနှီးမှုများဖြင့် ကာလကြာရှည်စွာ ဆက်ဆံရေး ကောင်းမွန်သည့် မိမိတို့နှစ်နိုင်ငံအတွက် ဆက်ဆံရေး ပြန်လည်တိုးမြှင့်ရန် ဆောင်ရွက်မှုများသည် အခက်အခဲ ရှိလိမ့်မည်မဟုတ်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Honorable Mr. TAKEI Shunsuke က မိမိတို့နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့်အခါတွင် အေးချမ်း သာယာသော အခြေအနေများကို တွေ့မြင်ရပြီး ပြင်ပတွင် ဖြစ်ပေါ်နေသောသတင်းများနှင့် ကွာခြားလျက်ရှိပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရေး အဓိကကျသည့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာနိုင်ငံ၏ သာယာလှပသော သဘာဝနှင့်ယဉ်ကျေးမှုများ လေ့လာနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းများကိုလည်း ပြန်လည်စတင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံတွင် လာရောက်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံမှ လုပ်သားဦးရေ တစ်သိန်းကျော်ရှိပြီး ကြိုးစားအားထုတ်မှုနှင့် ကောင်းမွန်သော အပြုအမူများကြောင့် နာမည်ကောင်းများ ရရှိထားပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့်လည်း Specified Skilled Worker (SSW) ကျွမ်းကျင်သည့် လုပ်သားစနစ်သစ်ဖြင့် အလုပ်သမားများခေါ်ယူရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိယခုလာရောက်သည့်ခရီးစဉ် ရည်ရွယ်ချက်မှာလည်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပြည်သူချင်းထိတွေ့ ဆက်ဆံမှု ပြန်လည်ခိုင်မာလာစေရေးတို့အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာ နန္ဒာလှမြင့်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**✻ ရန်ကုန်-မန္တလေးမှ**

အဆောက်အဦ ဦးစီးဌာနများ၏ သုတေသနနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲ၌ တံတား တည်ဆောက်ရေး လုပ်ငန်းများ အတွက် တည်ဆောက်ရေးသုံး ပစ္စည်းများ ဓာတ်ခွဲစမ်းသပ်နေမှုနှင့် ဘိုးပိုင်များ ဆောင်ရွက်ရာတွင် ကြံ့ခိုင်မှုစစ်ဆေးသည့် ကိရိယာများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ လမ်းဦးစီးဌာန၏ သုတေသနနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲရှိ လမ်းတည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုသည့် မြေသားဓာတ်ခွဲစမ်းသပ်ခြင်း၊ မြေသားအရည်အသွေးအရ လမ်းဒီဇိုင်းပုံစံများ တွက်ချက်ရေးဆွဲထုတ်ပေးခြင်း၊ ကတ္တရာ အရည်အသွေးစစ်ဆေးခြင်း၊ လမ်းတည်ဆောက်ရေးသုံးပစ္စည်းများ အရည်အသွေး စစ်ဆေးခြင်း၊ လမ်းလုပ်ငန်း အရည်အသွေး ပြည့်မီကောင်းမွန်စေရေး စစ်ဆေးသည့် ဓာတ်ခွဲခန်းသုံး ပစ္စည်းများကိုလည်းကောင်း၊ အဆောက်အဦ ဦးစီးဌာန၏ သုတေသနနှင့် အရည်အသွေး ထိန်းသိမ်းရေး ဌာနခွဲရှိ သံချောင်းများ အရည်အသွေးစစ်ဆေးမှုနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သုတေသနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲများရှိ ဓာတ်ခွဲခန်းများသည် နိုင်ငံတစ်ဝန်း တည်ဆောက်ရေး လုပ်ငန်းများအတွက် များစွာ အရေးကြီးကြောင်း၊ တည်ဆောက်ရေးပစ္စည်းများ အရည်အသွေး ပြည့်မီရေးအတွက် ဓာတ်ခွဲခန်းများသည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ ISO အသိအမှတ်ပြု လက်မှတ် ရရှိထားသောဌာနဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သော ကုမ္ပဏီများမှ အသုံးပြုမည့် တည်ဆောက်ရေးသုံးပစ္စည်းများ အရည်အသွေး စစ်ဆေးပေးရန်၊ ဓာတ်ခွဲခန်းသုံး ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းအသုံးပြုရန်နှင့် လုပ်ငန်းခွင် အရည်အသွေး ထိန်းသိမ်းရေးအတွက် အကျိုးရှိရှိ အသုံးပြုရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ ရွှေဖုံးမှ**

တောင်ဥက္ကလာပမြို့နယ် အထက (၁) ကျောင်း၌ ကျောင်းသားလူငယ်များ ဦးဆောင်သည့် စကားဝိုင်းကို ကျင်းပသည်။

အဆိုပါ စကားဝိုင်းတွင် ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို အခြေပြုရန် လိုအပ်မှုများနှင့် စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**❑ မြင်းခြံမြို့မှ**

အခမ်းအနားတွင် နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည့် ကျောင်းပြင်ပပညာရေး ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ ကျောင်းပြင်ပစခန်းမှ ဆရာ ဆရာမများက အသီးသီးလက်ခံရယူခဲ့ပြီး ကျောင်းပြင်ပစခန်းများမှ ကျောင်းသား ကျောင်းသူများက ကျောင်းပြင်ပဆိုင်ရာသီချင်းဖြင့် ကပြသီဆိုဖျော်ဖြေခဲ့ကြသည်။ **ချစ်ဦးနွေ(မြင်းခြံ)**

**❖ မဲနယ်တောင်မှ**

ထို့ပြင် ပုံစံ(၇) ရရှိရေး၊ စိုက်ပျိုးမြေဆီလွှာ ထိန်းသိမ်းအသုံးချရေးနှင့် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

သင်တန်းမှတစ်ဆင့် အရည်အသွေးမြင့် ထောပတ်သီးများ ထုတ်လုပ်နိုင်ရေး၊ ပြည်ပဈေးကွက်စံနှုန်းနှင့် ကိုက်ညီသည့် ထုတ်ကုန်များရရှိရေး၊ တရုတ်နိုင်ငံအပါအဝင် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် တောင်သူများ၏ ဝင်ငွေ တိုးတက်ရေးတို့ကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၂/ ၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

နေပြည်တော်　စက်တင်ဘာ　၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)၊ စုံညီခုံရုံး၌ ရုံးထိုင်၍ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ် (၂/၂၀၂၆) ကို ဆုံးဖြတ်ချက်(အမိန့်) ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၆ / ၂၀၂၆ )
၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၁၄ ရက် )

### တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၇ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၂/၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း ၃၃၄၆၆<br>ဗိုလ်မှူးချုပ် ဉာဏ်သိန်းဦး | အစား | ကြည်း ၃၅၄၂၈<br>ဗိုလ်မှူးကြီး သူရိန်ဟန် |
| ( ခ ) | ကြည်း ၂၀၆၈၃<br>ဗိုလ်မှူးကြီး အောင်ကျော်ဦး | အစား | ကြည်း ၂၇၂၁၃<br>ဗိုလ်မှူးကြီး စိုးထွန်း |
| ( ဂ ) | ကြည်း ၂၃၃၅၃<br>ဗိုလ်မှူးကြီး ဝင်းကိုကို | အစား | ကြည်း ၂၈၂၇၄<br>ဗိုလ်မှူးကြီး သိန်းလွင် |
| (ဃ) | ကြည်း ၂၃၆၇၆<br>ဗိုလ်မှူးကြီး ဒေါ်စိုးမိုးခိုင် | အစား | အင်န် ၆၅၉<br>ဒုတိယဗိုလ်မှူးကြီးဒေါ်ဥမ္မာမြင့် |
| ( င ) | ကြည်း ၂၃၆၇၅<br>ဒုတိယဗိုလ်မှူးကြီး ဒေါ်ခင်ဥမ္မာကြိုင် | အစား | အင်န် ၈၃၁<br>ဗိုလ်မှူး ဒေါ်အေးအေးမွန် |
| ( စ ) | ကြည်း ၂၅၅၁၅<br>ဒုတိယဗိုလ်မှူးကြီး ဒေါ်ခိုင်ခိုင်စု | အစား | အင်န် ၈၂၄<br>ဗိုလ်မှူး ဒေါ်အေးသက်သက်ခိုင် |
| (ဆ) | အင်န် ၆၃၇<br>ဗိုလ်မှူး ဒေါ်ခင်သူဇာ | အစား | အင်န် ၇၀၇<br>ဗိုလ်မှူး ဒေါ်သီတာလွင် |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၇ / ၂၀၂၆ )
၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၁၄ ရက်)

### တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၈ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃၃/၂၀၂၆) တွင်ဖော်ပြထားသည့်အောက်ဖော်ပြပါတပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း ၂၀၈၃၄<br>ဗိုလ်မှူးချုပ် ဝင်းကိုကို | အစား | ကြည်း ၂၅၀၆၅<br>ဗိုလ်မှူးချုပ် ခင်မောင်စိုး |
| ( ခ ) | လေ ၁၉၆၂<br>ဗိုလ်မှူးချုပ် မြင့်သောင်း | အစား | လေ ၂၂၁၄<br>ဗိုလ်မှူးချုပ် ဇော်ဇော်ထွန်း |
| ( ဂ ) | ကြည်း ၃၄၇၁၁<br>ဗိုလ်မှူး တင့်လွင်အေး | အစား | ကြည်း ၅၅၃၉၈<br>ဗိုလ်မှူး ဇင်ကိုဝင်း |
| (ဃ) | ကြည်း ၃၆၅၁၈<br>ဗိုလ်မှူး ဇေယျာဝင်း | အစား | ကြည်း ၂၈၆၅၄<br>ဗိုလ်မှူး ဇော်မင်းသိန်း |
| ( င ) | ကြည်း ၅၂၇၈၉<br>ဗိုလ်မှူး ကျော်ဇင်ဝင်း | အစား | ကြည်း ၅၄၉၃၅<br>ဗိုလ်မှူး နိုင်ဝင်း |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၈ / ၂၀၂၆ )
၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၁၄ ရက် )

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် ( ၃၅/၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | **ကချင်ပြည်နယ်လွှတ်တော်** | | |
| | ကြည်း ၅၁၄၃၃<br>ဗိုလ်ကြီး ရန်အောင်ခိုင် | အစား | ကြည်း ၃၃၉၁၄<br>ဗိုလ်ကြီး တင်ကိုကို |
| ( ခ ) | **ကယားပြည်နယ်လွှတ်တော်** | | |
| | ကြည်း ၂၅၇၉၀<br>ဗိုလ်မှူးကြီး အောင်ကျော်မြင့် | အစား | ကြည်း ၃၀၂၁၆<br>ဗိုလ်မှူးကြီး ဇင်မင်းထွဋ် |
| ( ဂ ) | **ချင်းပြည်နယ်လွှတ်တော်** | | |
| | ကြည်း ၃၅၄၁၉<br>ဗိုလ်မှူး အာကာကျော်မိုး | အစား | ကြည်း ၄၇၅၀၈<br>ဗိုလ်မှူး ရန်အောင်ဖြိုး |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မိုးတိမ်တောင်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း ဖြစ်ပေါ်နိုင်

နေပြည်တော်　စက်တင်ဘာ　၁၄

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သာစည် - ရွှေညောင် - တောင်ကြီးရထားလမ်းပိုင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့နံနက်ပိုင်းက တောင်ကြီးမီးရထားရိပ်သာ၌ ဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် နိုင်ငံ့ဝန်ထမ်းပီသစွာ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်၊ ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ရန်၊ ဌာနရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းကောင်းမွန်ရေး အမြဲဆောင်ရွက်ရန် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တောင်ကြီးဘူတာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာသန့်ရှင်း သပ်ရပ်ရေးနှင့် ယာဒ်ဝင်းအတွင်းရှိ ကလော - မြင်းဒိုက်၊ ကလော - အောင်ပန်းလမ်းပိုင်း၌ စင်းလုံးငှား ပြေးဆွဲပေးသည့် ရှုခင်းကြည့် RGC ရထား၏ လိုအပ်ချက်များကို ပြန်လည်ပြုပြင်ပေးရန် မှာကြားသည်။

ဆက်လက်၍ အထူးရထားဖြင့် တောင်ကြီးဘူတာမှ ပေါမူဘူတာအထိ လိုက်ပါစီးနင်းပြီး ရထားလမ်းပိုင်းနှင့် ထီသိမ်အပိုင်းပတ် ရထားလမ်းတာပေါင်များ ကြံ့ခိုင်ကောင်းမွန်ရေး၊ မြေထိန်းနံရံနှင့် ရေထွက်ပေါက်များ ကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ထားမှုကို အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။


ထိုမှတစ်ဆင့် သာစည်ဘူတာသို့ရောက်ရှိရာ ဘူတာအဝင် ရထားလမ်း ခုံးကျော်တံတားအသစ်တည်ဆောက်မည့်နေရာနှင့် ဘူတာအသစ် တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း သာစည်မြို့နယ် ယင်းမာပင်ဘူတာမှ အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ယင်းမာပင် - ကလော ရထားလမ်းပိုင်းကိုလည်းကောင်း၊ လယ်ပြင်နှင့်ပထမလွန်းထိုးဘူတာအကြား မိုင်တိုင်အမှတ် (၃၄၆/၀)ရှိ ရွှေမင်းဘုန်းတံတားကိုလည်းကောင်း၊ ပထမလွန်းထိုးဘူတာနှင့် ခွေးရုပ်ဘူတာတို့ကိုလည်းကောင်း၊ ဆင်တောင်နှင့် မြင်းဒိုက်ဘူတာအကြား မိုင်တိုင် (၃၅၉/၁၆-၂၀) ရှိ အရှည်ပေ ၈၃၀ ရှိသော ကမ်းပါးနီလိုဏ်ဂူကိုလည်းကောင်း၊ ကလောဘူတာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား လက်ခံတွေ့ဆုံ

## စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၄**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁)၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့်အတူ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ချောင်းဆုံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်သစ်ရွေးချယ်

**ချောင်းဆုံ စက်တင်ဘာ ၁၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို စက်တင်ဘာ ၁၂ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဒေါ်ခင်မာအေးနှင့် တာဝန်ရှိသူများ၊ အသင်းသူ အသင်းသားများ တက်ရောက်ကြပြီး တာဝန်ရှိသူများက မြို့နယ်သမဝါယမအသင်းစု အမှုဆောင်သစ်ကို ရွေးချယ်ပြီး ရွေးချယ်ခံရသူအား တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းများ ပြုလုပ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

စက်တင်ဘာ ၁၅ ရက်တွင် ရန်ကုန် တိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်သည်။ **မိုး/ဇလ**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**




**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# ကွက်စိပ်နဲ့ ရိုးကယိုကု (RōKyoku)



**သတင်းထောက် သာထူး**

ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးတွေ ကျင်းပလာခဲ့တာ နှစ်ပေါင်း ၃၀ ကျော်လာခဲ့ပြီ။ ၁၉၉၃ ခုနှစ်မှာ စခဲ့တာဆိုတော့ ၃၃ နှစ် ကြာခဲ့ပြီပေါ့။ အဲဒါအတွက် ဘာတွေ အကျိုးဖြစ်ထွန်းခဲ့သလဲလို့ဆိုရင် မြန်မာ့မူ၊ မြန်မာ့ဟန်နဲ့ မြန်မာအသံ ရိုးရာတေးသီချင်းတွေ၊ မြန်မာအကရဲ့ ကကြိုးကကွက်တွေ၊ မြန်မာ့အတွေး၊ မြန်မာဆန်တဲ့ ခံစားချက်တွေနဲ့ မြန်မာစည်းဝါးနဲ့ကိုက်ညီတဲ့ သီချင်းဂီတ ရေးဖွဲ့ပုံတွေ၊ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဆိုတဲ့ မြန်မာ့တူရိယာ တီးမှုတ်ပုံတွေ နှစ်ပေါင်း ၃၀ ကျော်ဆက်ပြီး တည်တံ့ခဲ့တယ်။ ဒ့ါအပြင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေတဲ့ မြန်မာ့ရုပ်သေး အမြင့်သဘင်နဲ့ ကွက်စိပ် စာဟောသဘင်တို့ စင်မြင့်ပေါ်မှာ အနည်းဆုံး တစ်နှစ်တစ်ခါတော့ ခံ့ခံ့ထည်ထည် ပြန်လည်တွေ့မြင် နားဆင်ခွင့် ရနိုင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

တကယ်တော့ရုပ်သေးနဲ့ ကွက်စိပ်ဆိုတဲ့ဖျော်ဖြေမှု အနုပညာရပ်တွေက သာထူးတို့ငယ်စဉ် လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်လောက်ကတည်းက မှေးမှိန်နေခဲ့ပြီ၊ လူထုပရိသတ်နဲ့ ဝေးကွာနေခဲ့ပြီလို့ဆိုရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်ကတည်းက မမြင်ဖူး၊ မတွေ့ဖူးလောက်အောင် ရှားပါးနေပါပြီ။ ဒါပေမယ့် အဲဒီအချိန်က မြန်မာ့အသံ ရေဒီယိုကို တစ်နိုင်ငံလုံး နားထောင်ခဲ့ကြတဲ့ ခေတ်ကာလဆိုတော့ ဆရာကန်မြဲအေးကျော်ရဲ့ တေးဖွဲ့လက်ရာ "ရုပ်သေးပွဲသွားရအောင်" ဆိုတဲ့ သီချင်းလေးကို မြန်မာ့အသံက မကြာမကြာထုတ်လွှင့်တာ ကြားကြရသလို ရေဒီယိုက အပတ်စဉ်ထုတ်လွှင့်တဲ့ ကွက်စိပ်ကိုလည်း မျက်မြင်မဟုတ်သည့်တိုင် လေလှိုင်းက တစ်ဆင့် နားဆင်ခွင့်ရခဲ့ကြပါတယ်။

"စင်ခေါင်တိုင်၊ သပြေကိုင်းနဲ့၊ နေမှိုင်းလို့၊ ရွှေဝိုင်းက ဗေထိခေါ်၊ တိုးဟော့ ပျော်ပျော်၊ အရှေ့ရွာပေါ် စင်တော် ရုပ်သေး၊ နောက်ညတွေ မမြင်ရရင်၊ နွမ်းရလိမ့်လေး..." လို့ အစချီထားတဲ့ "ရုပ်သေးပွဲ သွားရအောင်" သီချင်းကလေးထဲက ရုပ်သေးပွဲကြည့်ချင်တဲ့ စိတ်ဇောနဲ့ ပျော်ရွှင်လှုပ်ရှားနေတဲ့ မိန်းကလေးငယ်တစ်ယောက်ရဲ့ ပုံရိပ်တွေ၊ လှလှပပ ပြင်ဆင်ပြီး နွားလှည်းတွေစီးလို့ ပျော်ပျော်ပါးပါးရုပ်သေးပွဲ သွားကြတဲ့ မြန်မာ့ဓလေ့ မြင်ကွင်းတွေကို စိတ်အမှန်းနဲ့ပဲ ခံစားနားဆင်ခဲ့ကြရတာ ဖြစ်ပါတယ်။

ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီအသက်၊ ဒီအရွယ်ရောက်တဲ့အထိ ဓာတ်ပုံထဲ၊ ဗီဒီယိုထဲကလွဲလို့ရုပ်သေးပွဲကို အပြင်မှာ ဟန်ကျပန်ကျ တစ်ကြိမ်တစ်ခါမှ မကြည့်ခဲ့ဖူး၊ မမြင်ခဲ့ဖူးတာ အမှန်ပါ။ တစ်ချိန်တည်းမှာပဲ မြန်မာ့ရုပ်သေး အမြင့်သဘင်ကို ချစ်ခင်မြတ်နိုးတဲ့စိတ်နဲ့ ထိန်းသိမ်းဖို့၊ မြှင့်တင်ဖို့ ကြိုးစားခဲ့ကြတဲ့ ဆရာကြီး ဦးရဲဒွေး၊ ဆရာကြီး ဦးချစ်စံဝင်း၊ ဆရာမကြီး ဒေါ်မမနိုင် စတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ကြိုးပမ်းမှုတွေကို စာတွေ ပေတွေက တစ်ဆင့် သိမြင်နေခဲ့ရပါတယ်။

**၁၉၉၃ ခုနှစ်မှာ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ကို စတင်တည်ထောင်**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး စတင်ကျင်းပခဲ့တဲ့ ၁၉၉၃ ခုနှစ်မှာ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)ကိုလည်း စတင်တည်ထောင်ခဲ့ပါတယ်။ ဒ့ါအပြင် ဒုတိယကမ္ဘာစစ်ကာလအတွင်း ပြာကျပျက်စီးခဲ့တဲ့ မန္တလေး မြနန်းစံကျော်ရွှေနန်းတော်ကြီးကိုလည်း အဲဒီနှစ်မှာပဲ ပြန်ပြီး တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အဲဒါတင်မကသေးပါဘူး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေးနဲ့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ အဲဒီကာလမှာ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနဲ့စာနယ်ဇင်းလုပ်ငန်းကလည်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စာစဉ်တွေ၊ မြန်မာစာပေနဲ့ ရာဇဝင်သမိုင်းဆိုင်ရာ စာအုပ်တွေကို တက်တက်ကြွကြွ ပြန်ပြီးထုတ်ဝေခဲ့ကြတာကလည်း သမိုင်းရဲ့ မှတ်တိုင်တစ်ခုပါပဲ။




၂၀၂၄ ခုနှစ်က ကျင်းပသည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကွက်စိပ်ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

**ရုပ်သေးနဲ့ ဆို ငို ပြော အနုပညာကို သဘင်ပညာမှာ ထည့်သွင်းသင်ကြား**

အဲဒီတုန်းက အယ်ဒီတာချုပ်ရဲ့ တာဝန်ပေးစေလွှတ်မှုနဲ့ သတင်းထောက်ပေါက်စ သာထူးလည်း သတင်းဆောင်းပါးတွေရေးဖို့၊ အင်တာဗျူးတွေလုပ်ဖို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မှာရှိတဲ့ ယဉ်ကျေးမှုတက္ကသိုလ်ကြီးဆီ ရောက်ဖူးခဲ့ရပါတယ်။ ယဉ်ကျေးမှုတက္ကသိုလ်မှာ ပညာအမွေပေးဝေနေကြတဲ့ အနုပညာရှင် ဆရာ ဆရာမတွေ၊ ပညာဆည်းပူးနေကြတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ တွေ့ဆုံမေးမြန်းမှုတွေလည်း လုပ်ခဲ့ရပါတယ်။ အဲဒီတုန်းက လေ့လာမိခဲ့သမျှမှာတော့ ရုပ်သေးနဲ့ ဆို ငို ပြော အနုပညာတွေကို သဘင်ပညာမှာ ထည့်သွင်းသင်ကြားပေးတယ်ဆိုတာ သိခဲ့ရပါတယ်။

တိမ်မြုပ်ပျောက်ကွယ်လု နီးနီးဖြစ်နေတဲ့ မြန်မာ့စင်တော် ရုပ်သေးနဲ့ ကွက်စိပ် စာဟော အနုပညာတို့ကို သင်ရိုးညွှန်းတမ်း သင်ကြားမှုအနေနဲ့ ဆက်လက်ထိန်းသိမ်းနေတယ်၊ မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးနေတယ်ဆိုတာကို သိခွင့်ရခဲ့တာပါ။ အခုဆို ယဉ်ကျေးမှုတက္ကသိုလ်ကြီးက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကြီးအဖြစ် ပြောင်းလဲတိုးတက်ခဲ့ပြီဖြစ်သလို မြန်မာနိုင်ငံ အထက်ပိုင်း မန္တလေးမြို့မှာလည်း ဒုတိယမြောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကြီး တစ်ခု တည်ရှိနေပါပြီ။ အဲဒီတက္ကသိုလ်ကြီးတွေက မွေးထုတ်ပေးလိုက်တဲ့ နိုင်ငံကျော်အနုပညာရှင်တွေလည်း အောင်မြင်တဲ့ ပြည်သူချစ် အနုပညာရှင်တွေအဖြစ် ရပ်တည်နေကြပါပြီ။

မကြာသေးခင်က လူမှုကွန်ရက်မှာ မြန်မာ့ရိုးရာ ကွက်စိပ်နဲ့ နီးနီးစပ်စပ်တူလှတဲ့ ဂျပန်နိုင်ငံရဲ့ စာဟော အနုပညာ (Storytelling Arts)ကို စိတ်ဝင်စားစရာ တွေ့လိုက်ရလို့ လက်လှမ်းမီသလောက် လေ့လာကြည့်မိတယ်ဗျ။ မြန်မာ့ကွက်စိပ်နဲ့ တော်တော်တူပြီး ဂျပန်လူမျိုးတွေနဲ့ ဂျပန်ရောက် ခရီးသွားဧည့်သည်တွေ နှစ်သက်သဘောကျကြတဲ့ ဂျပန်ရိုးရာ ကွက်စိပ်အနုပညာကို သုံးမျိုး ခွဲခြားနိုင်တယ်လို့ ဆိုပါတယ်။

**မြန်မာကွက်စိပ်နဲ့ အနီးစပ်ဆုံးတူ**

ပထမတစ်ခုက ရိုးကယိုကု (Rōkyoku) လို့ခေါ်ပြီး မြန်မာကွက်စိပ်နဲ့ အနီးစပ်ဆုံးတူတဲ့ ဆိုငိုပြော အနုပညာလို့ ဆိုရမှာဖြစ်ပါတယ်။ စင်မြင့်ပေါ်ကနေ စာဟောဆရာက ပုံပြင်တွေ၊ ရာဇဝင်တွေကို ဇာတ်လမ်းဇာတ်ကွက်တွေ၊ ခံစားချက်တွေ ဖြည့်စွက်ပြီး ဇာတ်ကောင်တွေရဲ့ စကားပြောခန်းတွေမှာ ငိုသံ၊ ရယ်သံ၊ ဒေါသသံ စတဲ့ အသံအမျိုးမျိုး ပြောင်းလဲပြီး စိတ်လှုပ်ရှားစရာကောင်းအောင် ဟောပြောတင်ဆက်ကြတာဖြစ်ပါတယ်။ နောက်ကွယ်ကနေ Shamisen လို့ခေါ်တဲ့ ဂျပန်ရိုးရာ ကြိုးသုံးချောင်းတပ် တူရိယာ တီးခတ်သူ တစ်ယောက်က ဂီတသံစဉ် ပံ့ပိုးပေးပါတယ်။

ဒုတိယတစ်ခုက ရာကူဂို (Rakugo) လို့ခေါ်တဲ့ ဟာသကွက်စိပ်ပါ။ ရာကူဂိုဟောတဲ့သူက ရိုးရာဝတ်စုံကို ဝတ်၊ စင်မြင့်ပေါ်က ထိုင်ဖုံ(cushion) တစ်ခုပေါ်မှာ ထိုင်၊ ယပ်တောင်တစ်ချောင်း၊ လက်ကိုင်ပဝါတစ်ထည်နဲ့ တူရိယာမပါဘဲ ပြောတာပါ။ ပြောတဲ့အခါ ဇာတ်ကောင် နှစ်ကောင် ဒါမှမဟုတ် ပိုများတဲ့ ဇာတ်ကောင်တွေရဲ့ ဟန်ပန်အမူအရာ၊ ပြောပုံဆိုပုံတွေကို မျက်နှာအမူအရာ အသံအလှည့်အပြောင်းတွေနဲ့ တစ်ယောက်တည်းက သရုပ်ဖော်ပြောသွားပြီး ဇာတ်လမ်းအဆုံးမှာ ပရိသတ်ပွဲကျရယ်မောသွားစေမယ့် ဟာသကွက်နဲ့ အဆုံးသတ်လိုက်တာဖြစ်ပါတယ်။

တတိယတစ်ခုက ခိုးဒန် (Kodan) ဖြစ်ပြီး စစ်ရာဇဝင်နဲ့သမိုင်းကြောင်း ရာဇဝင်တွေကိုဟောတာဖြစ်ပါတယ်။ စာဟောဆရာက စားပွဲငယ်လေးတစ်ခုနောက်မှာထိုင်၊ ဝါးခြမ်းပြားငယ် ဒါမှမဟုတ် ယပ်တောင်နဲ့ စားပွဲကို ရိုက်ခတ်ပြီး သမိုင်းဝင်တိုက်ပွဲကြီးတွေ၊ ဆာမူရိုင်း စစ်သူရဲကောင်းတွေအကြောင်းကို စကားလုံးအလင်္ကာတွေသုံးပြီး နားထောင်သူတွေ စိတ်အားတက်ကြွလာအောင် စိတ်ဝင်စားစရာ ဟောပြောကြတာ ဖြစ်ပါတယ်။

အဲဒီ ဂျပန်ကွက်စိပ်တွေကို တိုကျို၊ အိုဆာကာ စတဲ့ မြို့ကြီးတွေက ယိုးဆေး(Yose) လို့ခေါ်တဲ့ ရိုးရာဇာတ်ရုံငယ်လေးတွေမှာ တစ်နှစ်ပတ်လုံး နေ့စဉ် ဖျော်ဖြေတင်ဆက်ပေးနေသလို ပရိသတ်တွေကလည်း လက်မှတ်တွေဝယ်ပြီး သွားနားထောင်နေကြဆဲပဲ ဖြစ်တယ်လို့ သိရပါတယ်။ ထုံးစံအတိုင်း ရိုးရာပညာရပ်တွေဖြစ်လို့ သက်ကြီးရွယ်အိုတွေကပဲ အဓိကအားဖြင့် နားထောင်ကြတာဖြစ်ပေမယ့် မကြာသေးခင်က ရာကူဂို (Rakugo) ပညာရပ်ကို အခြေခံရေးတဲ့ Akane- banashi အမည်ရှိတဲ့ လူငယ်ကာတွန်း (Manga)က ကမ္ဘာတစ်ဝန်းမှာ အကြီးအကျယ် အောင်မြင်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီလမှာ အန်နီမေးရှင်း (Anime) ဇာတ်လမ်းတွဲအဖြစ် စတင်ထုတ်လွှင့်ခဲ့တဲ့အခါ လူငယ်ထုကြားမှာ ရိုးရာပညာရပ်အပေါ် အကြီးအကျယ် စိတ်ဝင်စားစေခဲ့ပါတယ်။

အလားတူပဲ Showa Genroku Rakugo Shinju လိုမျိုး Animeတွေကြောင့်ဆယ်ကျော်သက်လေးတွေ ရိုးရာဇာတ်ရုံတွေဆီ လာနားထောင်နေကြတဲ့အထိ ဖြစ်လာတယ်လို့ သိရပါတယ်။

**ဂျပန်ကွက်စိပ်ဆရာတွေက အွန်လိုင်းကနေ တင်ဆက်ပေး**

ဒ့ါအပြင် ဂျပန်ကွက်စိပ်ဆရာ (Rakugoka) တွေကလည်း ကိုဗစ်ကာလကနေ အခုချိန်ထိ You Tube ကနေ တိုက်ရိုက် Livestreaming ထုတ်လွှင့်တာ၊ Podcasts အသံဖိုင်တွေနဲ့ အွန်လိုင်းဗီဒီယိုတွေကနေ တင်ဆက်ပေးနေတာကြောင့် နားထောင်သူဦးရေ ပိုမိုများပြားလာတယ်လို့ ဆိုပါတယ်။ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေ နားလည်အောင် အင်္ဂလိပ်ဘာသာနဲ့ဟောတဲ့ ရာကူဂိုတွေလည်း ရှိနေတယ်လို့ သိရပါတယ်။

နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုကို လက်ရှိရှင်သန်နေဆဲသူတွေက ဖန်တီးကြတာဖြစ်ပါတယ်။ ရှေးလူတွေ ချန်ထားရစ်ခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ပျောက်ပျက်မသွားအောင် ဆက်ထိန်းသိမ်းကြဖို့ကလည်း ရှင်သန်နေဆဲမျိုးဆက်တွေရဲ့ တာဝန်ဖြစ်ပါတယ်။ မိမိတို့ခေတ်၊ မိမိတို့အခါမှာ မိမိတို့ ဖန်တီးကြရမယ့် ယဉ်ကျေးမှုကို မြင့်မြင့်မားမား၊ ခံ့ခံ့ထည်ထည် ဖန်တီးကြရမှာ ဖြစ်သလို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့ရဲ့ ဝိသေသလက္ခဏာအဖြစ် တည်ရှိနေတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ပေါ်လွင်ထင်ရှားလာအောင် အရောင်တင် လင်းလက်စေရမှာ ဖြစ်ပါတယ်။

သူတို့နိုင်ငံမှာ သူတို့ လူငယ်တွေက သူတို့ယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ် မြှင့်တင်ကြသလို ကိုယ့်နိုင်ငံမှာလည်း ကိုယ့်လူငယ်တွေက ကိုယ့်ယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်မြှင့်တင်ကြရမှာပါ။ မြန်မာ့ရိုးရာကွက်စိပ်စာဟော အနုပညာကို ဂျပန်ကွက်စိပ် ရိုးကယိုကု (Rōkyoku) တို့၊ ရာကူဂို (Rakugo)တို့လို မြန်မာ့မြို့ကြီး ပြကြီးတွေမှာ တခမ်းတနား ပြန်လည်ထွက်ပေါ်လာပြီး မိမိနိုင်ငံသားတွေ၊ လူငယ်တွေနဲ့ နိုင်ငံခြားခရီးသွားတွေ စိတ်ဝင်တစားအားပေးနားထောင်လာကြအောင် စွမ်းဆောင်ကြဖို့ တိုက်တွန်းရင်း မကြာမီကျင်းပတော့မယ့် (၂၇)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးကို ကြိုဆိုလိုက်ရကြောင်းပါဗျာ။ ။

> **❝ နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုကို လက်ရှိရှင်သန်နေဆဲသူတွေက ဖန်တီးကြတာဖြစ်ပါတယ်။ ရှေးလူတွေ ချန်ထားရစ်ခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ပျောက်ပျက်မသွားအောင် ဆက်ထိန်းသိမ်းကြဖို့ကလည်း ရှင်သန်နေဆဲ မျိုးဆက်တွေရဲ့ တာဝန်ဖြစ်ပါတယ်။ မိမိတို့ခေတ်၊ မိမိတို့အခါမှာ မိမိတို့ ဖန်တီးကြရမယ့် ယဉ်ကျေးမှုကို မြင့်မြင့်မားမား၊ ခံ့ခံ့ထည်ထည် ဖန်တီးကြရမှာဖြစ်သလို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့ရဲ့ ဝိသေသလက္ခဏာအဖြစ် တည်ရှိနေတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ပေါ်လွင်ထင်ရှားလာအောင် အရောင်တင် လင်းလက်စေရမှာဖြစ်ပါတယ် ❞**



## ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ စုပေါင်းသွေးလှူဒါန်း

**ပဲခူး စက်တင်ဘာ ၁၄**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့က ယမန်နေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းပွဲတွင် ပဲခူးတိုင်းဒေသကြီး/ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးများရှိ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း တပ်ဖွဲ့ဝင် ၁၅၀ ကျော် စုပေါင်း သွေးလှူဒါန်းနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့က ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တိုင်းဒေသကြီး (မြန်/ဆက်)**

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီး/ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်

**တောင်ကြီး စက်တင်ဘာ ၁၄**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီး/ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ် လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အောင်နိုင်ရေးအလံ ပေးအပ်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးဘောလုံးအသင်း အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများအား အောင်နိုင်ရေးအလံနှင့် ပြိုင်ပွဲကုန်ကျစရိတ်ငွေများ ပေးအပ်သည်။

အဆိုပါ ၂၀၂၆ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) ပွဲစဉ်များကို စက်တင်ဘာ ၁၆ ရက်မှ ၂၃ ရက်အထိ ပြည်နယ်အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ဆက်လက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ်သည် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြည်နယ်အဆင့် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့အတူ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာ ဝန်ကြီးနှင့် အတွင်းရေးမှူးတို့က ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မိုးကောင်းမြို့၌ သမဝါယမစနစ်ကိုအခြေခံသည့် (CBFP)စီမံကိန်းသစ် မိတ်ဆက်ရှင်းလင်း

**မိုးကောင်း စက်တင်ဘာ ၁၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့်စနစ်ကျသော (Cooperative Based Farming Project) CBFP စီမံကိန်းသစ်အား မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်မာသန်းက(Cooperative Based Farming Project) CBFP စီမံကိန်း၏ ရည်ရွယ်ချက်၊ အခြေခံမူ ဆောင်ရွက်ရမည့်နည်းလမ်းများ ရှင်းလင်းမှုအပေါ် တက်ရောက်လာသည့် သက်ဆိုင်ရာ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများက စုပေါင်းဆောင်ရွက်တတ်သည့်စနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် အပြန်အလှန်အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန်းလွင်ဦး(မြန်/ဆက်)**



## စဉ့်ကူးမြို့နယ်၌ ထရန်စဖော်မာအသစ်တပ်ဆင်ဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပ

**စဉ့်ကူး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် အမှတ်(၁) သီလရပ်ကွက်နေ ပြည်သူများထံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ထရန်စဖော်မာ အသစ် တပ်ဆင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ စဉ့်ကူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးဆောင်းတင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းနိုင်၊ နယ်မြေခံတပ်မှ ဗိုလ်မှူး မောင်မောင်ကျော်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသိန်းလင်းဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



အဆိုပါ ထရန်စဖော်မာတပ်ဆင်ပြီးစီးမှုကြောင့် လျှပ်စစ်မီးသုံးစွဲသူ ၁၂၆ ဦးထံသို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**တင်ဇာလွင် (မြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"တော်လှန်ရေး အကြောင်းပြ လက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်များအား ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ငွေညှစ်၊ လုယက်သတ်ဖြတ်နေသည့် အကြမ်းဖက် PDF များ"**ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် **"အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားဖောက်ခွဲဖျက်ဆီးနေတဲ့ အကြမ်းဖက် PDF သမားများ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူမြို့နယ်အတွင်း စုပေါင်းဆောင်ရွက်သည့် စနစ်ကျလယ်မြေ၌ မိုးစပါးစိုက်ပျိုးတောင်သူများနှင့်တွေ့ဆုံ

**ပဲခူး စက်တင်ဘာ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပဲခူးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာရှိ ဓမ္မာရုံ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က တောင်သူများအား သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဝယ်ယူ၊ စုပေါင်းရောင်းချခြင်းသည် ကုန်ကျစရိတ်သက်သာမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ သွင်းအားစုအချိုးအစားမှန်ကန်စွာ ထည့်သွင်းနိုင်မည့် နည်းပညာရယူ၍ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် စပါးအထွက်နှုန်းတိုးမြှင့်ကာ တောင်သူများ အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်ပါကြောင်း၊ အသင်းသားထဲမှ စိုက်ပျိုးရေးကြီးကြပ်မှုတာဝန်ခံတစ်ဦးအား တာဝန်ပေးအပ်ရန်နှင့် လုပ်ငန်းအောင်မြင်စေရန်အတွက် အသင်းသားများကလည်း ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။



ဆက်လက်၍ တိုးတက်အောင်စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းမှ ကွင်းအမှတ်(၅၂၇-ခ)တွင်ရှိသော လယ်ယာမြေဧက ၁၀၀ ပေါ်တွင် တောင်သူ ၁၈ ဦး စိုက်ပျိုးထားသည့် မော်ဘီ ၂ စပါးမျိုး နှစ်လသားအရွယ် အောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုသည်။ တောင်သူများ တင်ပြချက်များအပေါ် နွေစပါး၊ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မိမိတို့၏လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည် နှစ်ဆတိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ သွင်းအားစုများ အချိန်ကိုက်မှန်ကန်စွာသုံးစွဲနိုင်ရေး၊ ပိုးမွှားအန္တရာယ် ကျရောက်မှုမရှိစေရေး ကြိုတင်သတိပြုရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် စက်တင်ဘာ ၁၄** – ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအနည်းငယ်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**





ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျ ကြိုဆိုလက်ခံစဉ်။





ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျ ကြိုဆိုလက်ခံစဉ်။





PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။




PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

PDF အမည်ခံအဖွဲ့ဝင်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်များသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် သဘောထားအမှန်ကို သဘောပေါက်နားလည်ပြီး ၂၀၂၁ ခုနှစ်မှစ၍ ယနေ့အထိ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုအနေဖြင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၅ ဦး၊ အမျိုးသမီး တစ်ဦး၊ စုစုပေါင်း ၂၆ ဦး၊ လက်နက်မျိုးစုံ ၂၂ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၃၄ ဦး၊ အမျိုးသမီးသုံးဦး၊ စုစုပေါင်း ၁၃၇ ဦး၊ လက်နက်မျိုးစုံ ၄၄ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၆၉၀၊ အမျိုးသမီး ၂၀၄ ဦး စုစုပေါင်း ၈၉၄ ဦး၊ လက်နက်မျိုးစုံ ၁၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၉၆ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၃၂၅ ဦး၊ လက်နက်မျိုးစုံ အလက် ၉၀ နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း လေးဦး၊ လက်နက်ငယ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၃ ဦး၊ လက်နက်မျိုးစုံ ၁၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၄၉ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၅၄ ဦး၊ လက်နက်မျိုးစုံ ၄၈ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၆၉ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၈၀၊ လက်နက်မျိုးစုံ ၂၇ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၇၀၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၁၉၈ ဦး၊ လက်နက်ငယ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၄၇ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၅၂ ဦး၊ လက်နက်မျိုးစုံ ၃၅ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၂ ဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၅၃၂ ဦး၊ အမျိုးသမီး ၄၈ ဦး စုစုပေါင်း ၅၈၀၊ လက်နက်မျိုးစုံ ၁၃၃ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၆၄၅ ဦး၊ အမျိုးသမီး ၂၈၁ ဦး စုစုပေါင်း ၂၉၂၆ ဦး၊ လက်နက်မျိုးစုံ ၂၂၉ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၅၂ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၁၇၁ ဦး၊ လက်နက်မျိုးစုံ အလက် ၆၀ နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း ဝင်ရောက်လာခဲ့ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုအနေဖြင့်

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

အမျိုးသား ၅၀၃၆ ဦးနှင့် အမျိုးသမီး ၆၃၆ ဦး စုစုပေါင်း ၅၆၇၂ ဦးဖြစ်ပြီး လက်နက်မျိုးစုံ ၆၉၂ လက် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ ၎င်းတို့ကိုယ်တိုင် ဖန်တီးခဲ့သော နိုင်ငံရေးဖြစ်စဉ်ကို အသုံးချ၍ ယုတ်မာစွာဖြင့် နည်းလမ်းမျိုးစုံအသုံးပြုကာ သွေးဆောင်စည်းရုံးမှု၊ ငွေကြေးဆိုင်ရာ မက်လုံးပေးမှုများနှင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် PDF အကြမ်းဖက်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့တို့ထံ ဝင်ရောက်ခဲ့ရပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ နိုင်ငံရေးကို ကြွေးကြော်၍ လက်နက်ကိုင်ဆောင်ခဲ့သော်လည်း ကိုယ်တိုင် အကြမ်းဖက်သမားဘဝကို ရောက်ရှိနေကြောင်း သိမြင်လာခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည် သဘောပေါက်လာခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်လိုသည့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့ကြရန်နှင့် ထိုသို့ဆက်သွယ်သတင်းပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်ချီးမြှင့်လျက်ရှိသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည် -



ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျ ကြိုဆိုလက်ခံစဉ်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။










**အင်တာဗျူး(၁)**

ကျွန်တော်ကတော့ PDF ထဲကို ၂၀၂၄ ခုနှစ် ၁၂ လပိုင်းလောက်မှာ စတင်ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော် PDF ထဲရောက်ရောက်ချင်း အခြေခံသင်တန်းလေးလနဲ့ အထူးကွန်မန်ဒိုသင်တန်းလေးလကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတဲ့ နောက်ပိုင်းမှာ တပ်စိတ်မှူး ဖြစ်ခဲ့ပါတယ်။ တပ်စိတ်မှူးအဖြစ်နဲ့ KNU တပ်မဟာနဲ့ပူးပေါင်းပြီး နေထိုင်ရပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့နေရာကတော့ ပုလောနယ်တစ်ခွင်မှာ လှုပ်ရှားသွားလာရပါတယ်။ သူတို့တွေက ကျွန်တော်တို့ PDF တွေကို ခွဲခြားဆက်ဆံပါတယ်။ အလုပ်ကြမ်းတွေ လုပ်ခိုင်းတယ်။ နှိမ်တယ်။ အသက်အန္တရာယ်ရှိတဲ့ အလုပ်တွေကို ကျွန်တော်တို့တွေက လုပ်ခဲ့ရပါတယ်။ စစ်တိုက်တဲ့ နေရာမှာဆိုရင်လည်း ကျွန်တော်တို့ PDF တွေကပဲ အဓိကလုပ်ကိုင်ရပါတယ်။ သူတို့တွေက စကားပြောစက်တွေနဲ့ အမိန့်ပေးပြီး အနောက်မှာ နေတာများပါတယ်။ တချို့ဆိုရင် ဂိတ်ကြေးတွေ ကောက်တယ်။ ဆက်ကြေးတွေ ကောက်တယ်။ တချို့တွေဆိုရင်လည်း ထိုင်းထဲမှာ ကိုယ်ပိုင်အိမ်တွေတောင် ဝယ်ထားကြပါတယ်။ တချို့ခေါင်းဆောင်တွေကတော့ စီးပွားရေးသမားတွေ များလာတာကို သိရှိလာရပါတယ်။ ကျွန်တော်တို့တွေကတော့ တောထဲမှာ ပင်ပင်ပန်းပန်း၊ ဆင်းဆင်းရဲရဲနဲ့ ဒုက္ခခံပြီးတော့နေရတာများပါတယ်။ ဘယ်နေ့သေမလဲဆိုပြီး တွေးပြီးတော့ နေရတာများပါတယ်။ အမြဲတမ်း ကြောက်လန့်တဲ့စိတ်တွေနဲ့ နေရတာလည်းများပါတယ်။ ကျွန်တော် ထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ အခုမှပဲ လွတ်မြောက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော် အခွင့်အရေးသာတဲ့အချိန်မှာ တပ်ခွဲမှူးရဲ့သေနတ်ကို ခိုးယူပြီးတော့ တပ်မတော်ဘက်ကို အလင်းဝင်လိုက်ပါတယ်။ အခုလိုအလင်းဝင်လိုက်ပြီး နောက်ပိုင်းမှာ ကျွန်တော် ကောင်းကောင်းမွန်မွန် နေထိုင်ရတယ်။ ကောင်းကောင်းမွန်မွန် စားသောက်ရတယ်။ လူငယ်တစ်ယောက်ရဲ့ ဘဝပျော်ရွှင်မှုခံစားခွင့်တွေကိုလည်း ပြန်လည်ရရှိပါတယ်။ အဲဒီအတွက် ကျွန်တော် နိုင်ငံတော်နဲ့ တပ်မတော်အပေါ် အထူးကျေးဇူးတင်ပါတယ်။ တောထဲမှာကျန်ရစ်ခဲ့တဲ့ ညီအစ်ကိုမောင်နှမ၊ အပေါင်းအသင်း PDF တွေကိုလည်း အမြန်ဆုံး အလင်းဝင်ပြီး မှန်ကန်တဲ့လမ်းကို ရွေးချယ်ပါလို့ ကျွန်တော် ပြောချင်ပါတယ်။

**အင်တာဗျူး(၂)**

မြင်းခြံ BLACK TIGER မှာ တာဝန်ထမ်းဆောင်ပါတယ်။ ဖောက်ခွဲရေး ခေါင်းဆောင်ပါ။ ဒီတော်လှန်ရေး စလုပ်ခဲ့တာကတော့ ၁၄ နှစ်ကနေ စလုပ်ခဲ့တာပါ။ ပြောရရင် ၂၀၂၂ ခုနှစ်ကနေ စလုပ်ခဲ့တာပါ။ ရောက်ရောက်ချင်းမှာ သင်တန်းဆင်းရပါတယ်။ သင်တန်းဆင်းပြီးတော့ ရှေ့တန်းတန်းသွားရပါတယ်။ ရှေ့တန်းမှာ မြင်းခြံမြောက်ဘက်မှာ မိုင်းခေါင်းဆောင်အနေနဲ့ နေခဲ့ပါတယ်။ တိုက်ပွဲပေါင်းစုံနဲ့ တိုက်ခဲ့ပါတယ်။ နေရာပေါင်းစုံလည်း သွားခဲ့ရပါတယ်။ နေရာပေါင်းစုံသွားခဲ့ပြီးတဲ့ နောက်ပိုင်းမှာ အထက်ဖား အောက်ဖိ များခဲ့ပါတယ်။ ခေါင်းဆောင်တွေ တော်တော်များများကတော့ ဆေးခြောက်၊ WY ဆေးချပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မလုပ်ခဲ့ပါဘူး။ တော်တော်များများ အကုန်လုံးက မူးယစ်ဆေးဝါးတွေ သုံးစွဲပါတယ်။ ပြောရရင် ရဲဘော်တွေပဲ အောက်မှာနေပြီးတော့ ဘာမှမရဘဲနဲ့ လုပ်ကိုင်နေရပါတယ်။ တပ်မတော်က တိုက်ခိုက်လာပြီဆိုရင်လည်း သူတို့ကားတွေမောင်းပြီး သူတို့ခေါင်းဆောင်တွေကပြေးပါတယ်။ ရဲဘော်တွေ သေသေကျေကျေ ထားခဲ့ပါတယ်။ သူတို့ လက်နက်တွေ အကုန်လုံးယူပြီးတော့ ပြေးပါတယ်။ ကျွန်တော် ဒီထဲကို အလင်းဝင်လာတာ သူတို့ယုတ်မာရိုင်းစိုင်း နှိပ်စက်တာတွေကြောင့် ကျွန်တော် အလင်းဝင်လာတာ ဖြစ်ပါတယ်။ ကျွန်တော်ဒီလို အလင်းဝင်လာတဲ့အချိန်မှာ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ သူတို့ပြောတဲ့အတိုင်း သတ်မယ်၊ ဖြတ်မယ်၊ သူတို့ဘက်ကပြောတဲ့အတိုင်း မဟုတ်ပါဘူး။ နောက်လာမယ့် ညီအစ်ကိုတွေလည်း ညီလေးတွေ၊ မောင်နှမတွေ အကုန်လုံးလည်း လာခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်။

**အင်တာဗျူး(၃)**

ကျွန်မ အကြမ်းဖက်အဖွဲ့အစည်းထဲကို စဝင်ခါစက ကျွန်မအသက်က ၁၅ နှစ်ပဲ ရှိပါသေးတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ဝင်သွားတဲ့အကြောင်းရင်းကတော့ အကြမ်းဖက်အဖွဲ့အစည်းက ကျွန်မတို့ရွာကိုလာပြီးတော့ စည်းရုံးရေးဆင်းတယ်။ ဟောပြောပွဲတွေ လုပ်တယ်။ တစ်အိမ်တစ်ယောက် မဝင်မနေရတဲ့ ပုံစံမျိုးတွေနဲ့ ကောက်ခံတယ်။ သူတို့တစ်အိမ်တစ်ယောက်မှ မလိုက်လို့ရှိရင် မိသားစုတွေကို ဒုက္ခပေးမယ်။ အဖေ၊ အမေတွေကို သတ်ပစ်မယ် ဘာညာနဲ့ပြောတော့ ကျွန်မတို့လည်း ကြောက်ပြီးတော့ အဲဒီထဲကို ဝင်သွားတာ ဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကိုရောက်တော့ ကျွန်မတို့ စစ်သင်တန်း သုံးလ တက်ရတယ်။ စစ်သင်တန်း သုံးလမှာဆိုရင်လည်း ဆေးဝါးလုံလောက်မှုမရှိဘူး။ အဲဒါကြောင့်မို့လို့ တချို့လူတွေ အဲဒီဒဏ်ကို မခံနိုင်လို့ ထွက်ပြေးတဲ့သူတွေလည်း ရှိတယ်။ ထွက်ပြေးလို့ မိလို့ရှိရင်လည်း သူတို့က သတ်ပစ်တယ်။ ရိုက်နှက်တယ်။ နှိပ်စက်တယ်။ အဲဒါကြောင့် ကျွန်မတို့လည်း ကြောက်ပြီးတော့ စစ်သင်တန်းကို ပြီးဆုံးအောင်တက်ခဲ့တယ်။ စစ်သင်တန်းပြီးတော့ ကျွန်မတို့တွေ ပြည်သူ့ဆက်ဆံရေးမှာ တာဝန်ကျတယ်။ ပြည်သူ့ဆက်ဆံရေးကားလမ်းမကြီးမှာ ဂိတ်ကင်းစောင့်ရတယ်။ အခွန်ကောက်ခံတဲ့ ပုံစံမျိုးနဲ့ သူတို့က ဆက်ကြေးတွေ ကောက်ခံတယ်။ ဆီပီပါတွေဆိုရင်လည်း ထက်ဝက်ဈေးတွေနဲ့ ကောက်ခံတယ်။ ဆီပီပါ ထက်ဝက်ဈေးနဲ့ကောက်ခံလို့ တချို့ပြည်သူတွေဆို မပေးနိုင်ဘူး။ မပေးနိုင်တဲ့ ပြည်သူတွေဆိုရင် ဆီပီပါတွေဆွဲချတာတွေ ရှိတယ်။ ပစ္စည်းတွေ ဆွဲယူတာတွေ ရှိတယ်။ အဲဒါကြောင့်မို့ တချို့ပြည်သူတွေဆိုရင်လည်း သံသယအနေနဲ့ ခေါ်တယ်။ ခေါ်ပြီးတော့ သူတို့တွေက နှိပ်စက်တယ်။ ရိုက်နှက်တယ်။ လက်သည်း၊ ခြေသည်းခွံတွေကို ခွာတယ်။ ခေါင်းတွေကို ရေနွေးပူတွေနဲ့ လောင်းတယ်။ သူတို့ ပြောတာကျ ပြည်သူသာအမိ ပြည်သူသာအဖဆို၊ သူတို့လုပ်နေတာတွေနဲ့ သူတို့ပြောနေတာတွေက လက်တွေ့မှာတခြားစီပဲ။ ကျွန်မတို့ ရဲဘော်တွေဆိုရင်လည်း တန်းတူတန်းတူဆိုပြီး သူတို့အရာရှိတွေကျတော့ KTV သွားတယ်။ မကောင်းတဲ့ မိန်းမတွေနဲ့ ပျော်ပါးတယ်။ သောက်စားတယ်။ K ရှူတယ်။ ရာမတွေသုံးတယ်။ သူတို့ တစ်ညတစ်ညသွားပြီဆို ရာချီထောင်ချီကုန်တယ်။ ရဲဘော်တွေဆိုရင်လည်း မိန်းကလေးတွေကို အဓမ္မပြုကျင့်တယ်။ ကျွန်မကိုယ်တွေ့ပေါ့။ သင်တန်းသူကောင်မလေးကို ညကြီးအချိန်မတော် စကားပြောချင်တယ်ဆိုပြီး ခေါ်ပြီးတော့ ကောင်မလေးကို အဓမ္မပြုကျင့်တယ်။ ကောင်မလေးကိုလည်း ဘာတာဝန်မှမယူဘဲနဲ့ ကောင်မလေးကိုကျ နယ်ကိုပြန်ပို့တယ်။ ကောင်လေးကိုကျတော့လည်း ဘာပြစ်မှုပြစ်ဒဏ်မှမပေးဘဲနဲ့ ဒီအတိုင်းထားတယ်။ အဲဒါကြောင့်မို့ ကျွန်မတို့လည်း အဲဒီထဲမှာနေရတာ ကျွန်မတို့ကိုယ်တိုင် မလုံခြုံဘူးလို့ ထင်တယ်။ ကျွန်မတို့ဘဝကို ဒီထဲမှာနေပြီး အဆုံးရှုံးမခံနိုင်လို့ ကျွန်မတို့ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးပြီးတော့ ကျွန်မ အလင်းဝင်ဖို့ ကြိုးစားတယ်။ သူတို့က ကျွန်မတို့ကို နားရိုက်သွင်းခဲ့တယ်။ နင်တို့ အဲဒီတပ်မတော်ဘက်ကို အလင်းဝင်လို့ရှိရင် နင်တို့တွေ မိန်းကလေးတွေဆိုရင်လည်း အဓမ္မပြုကျင့်မှာ၊ ယောကျ်ားလေးတွေဆိုရင်လည်း အသက် ၁၈ နှစ်ပြည့်ရင် စစ်မှုထမ်းခေါ်မှာ ဘာညာနဲ့ ကျွန်မတို့ကိုပြောတော့ ကြောက်တော့ ရှေ့မှာ အလင်းဝင်တဲ့ သူငယ်ချင်းကို မေးတယ်။ သူငယ်ချင်းအားလုံး အဆင်ပြေလား။ သူငယ်ချင်းက အဆင်ပြေတယ်။ ဘာမှ စိတ်မပူနဲ့ တပ်မတော်ဘက်ကလည်း နင်တို့ကို နွေးနွေးထွေးထွေးကြိုဆိုနေတယ်။ ကျွန်မတို့လည်း ဒီကတာဝန်ရှိတဲ့ ဗိုလ်ကြီးတွေနဲ့ ဆက်သွယ်ပြီးတော့မှ ကျွန်မတို့ ဒီမှာ အလင်းဝင်ခဲ့တယ်။ ဒီမှာရောက်တော့လည်း အားလုံး နွေးနွေးထွေးထွေးကြိုဆိုတယ်။ ကျွန်မတို့ကိုလည်း အစစအရာရာ လုပ်ပေးတယ်။ သူတို့နေသလို နေရတယ်။ သူတို့စားသလို စားရတယ်။ ကျွန်မတို့ အမှောင်ထဲကနေ အလင်းကို ပြန်ဝင်လာတာ ကျွန်မတို့ အလွန်ကိုမှန်တယ်။ အဲဒါကြောင့်မို့လို့ ဟိုမှာရှိခဲ့တဲ့ သူငယ်ချင်း ညီအစ်ကိုမောင်နှမတွေကိုလည်း အဲဒီထဲမှာနေပြီး ကိုယ့်ဘဝကို အနစ်မွန်းမခံပါနဲ့၊ တပ်မတော်ဘက်ကိုလာပြီး အလင်းဝင်ပါ။ ကျွန်မတို့က ဒီကနေ အလင်းဝင်ပြီး ပြန်လို့ရှိရင်လည်း ကိုယ့်မိဘ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ကောင်းကောင်းမွန်မွန်နဲ့ နေထိုင်ပြီး ကောင်းကောင်းမွန်မွန်နဲ့ လုပ်ကိုင်စားပြီးတော့ ကျွန်မတို့လည်း နောက်နောင် ဒီလို အမှားမျိုးကို မကျူးလွန်တော့ပါဘူးလို့ ကတိသစ္စာပြုပါတယ်။

သတင်းစဉ်

# အနာဂတ်မျှော်မှန်း မြန်မာ့ပေါ်ဆန်း (သို့မဟုတ်) ဂုဏ်ပုဒ်နှင့် အရည်အသွေး- မြန်မာ့ပေါ်ဆန်း ဝင့်ထည်စွာ ရေရှည်တည်တံ့ရေး

ဒေါက်တာပပဝင်း (စိုက် / သု)

မြန်မာနိုင်ငံသည် တစ်ချိန်က **"အာရှတိုက်၏ ဆန်အိုးကြီး"** ဟု တင်စားခံရသည်အထိ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် ထင်ရှားခဲ့ပါသည်။ စပါး စိုက်ပျိုးရေးသည် ပြည်သူတို့၏ စားရေရိက္ခာ ဖူလုံမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက် အထောက်အကူပြုနေသည့် ပင်မလုပ်ငန်း တစ်ရပ် ဖြစ်ပါသည်။

စပါးသီးနှံသည် ပြည်တွင်းစားသုံးမှုအတွက် အဓိကကျသော သီးနှံဖြစ်သည့်အပြင် နိုင်ငံခြား ဝင်ငွေ ရှာဖွေပေးရာတွင်လည်း အရေးပါသော ပို့ကုန်ဖြစ်သည်။ မြန်မာ့ဆန်စပါး တင်ပို့မှု သမိုင်း ကြောင်းကို လေ့လာကြည့်လျှင် ဒုတိယကမ္ဘာစစ် မတိုင်မီ ကာလများက နှစ်စဉ် ဆန်တန်ချိန် သုံးသန်း ကျော်အထိ စံချိန်တင် တင်ပို့နိုင်ခဲ့သည့် ဂုဏ်ယူဖွယ် မှတ်တမ်းများရှိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် စုစု ပေါင်း စပါးစိုက်ဧက ၁၇ သန်းခန့်ရှိပြီး ဆန်တန် ချိန်ပေါင်း ၂ ဒသမ ၇ သန်းကျော် နိုင်ငံခြားသို့ တင်ပို့ ခဲ့ပါသည်။

စပါးစိုက်ပျိုးရန် အထူးသင့်လျော်သည့် ရေမြေ ရာသီဥတု အခြေအနေကောင်းများ ပိုင်ဆိုင်ထား သော မြန်မာနိုင်ငံတွင် စပါးစိုက်တောင်သူများက အထွက်ကောင်း၊ အရည်အသွေးကောင်း၊ ပိုးမွှား၊ ရောဂါနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိ ခေတ်မီစပါး မျိုးသစ်များနှင့် ဒေသစပါးမျိုးများကို ကြိုက်နှစ် သက်ရာ ရွေးချယ်စိုက်ပျိုးကြသည်။ ဒေသမျိုး များစွာရှိသည့်အနက် ပေါ်ဆန်းစပါးသည် စားသုံး မှုအရည်အသွေးကောင်းမွန်သောကြောင့် ပြည်တွင်း ဈေးကွက်၌ အစဉ်အဆက် အပြည့်အဝ လက်ခံ အားပေးမှု ရရှိထားသော စပါးမျိုးဖြစ်ပါသည်။ ယခု အခါ ပေါ်ဆန်းအုပ်စုဝင် စပါးများကို စုစုပေါင်း မိုးစပါးစိုက်ဧရိယာ၏ ၁၀ ရာခိုင်နှုန်းခန့် စိုက်ပျိုး လျက် ရှိပါသည်။

**ကမ္ဘာပေါ်ရှိ အခြားအနံ့မွှေးပါ စပါးမျိုးများတွင် မပါရှိသည့် အမွှေးနံ့ဗီဇတည်ဆောက်ပုံရှိသော ပေါ်ဆန်းစပါး**

မြန်မာနိုင်ငံသည် စပါးဗီဇအရင်းအမြစ်ပေါ်များ ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အဆိုပါ စပါးဗီဇအရင်းအမြစ်များအနက် ပေါ်ဆန်းစပါး မျိုးသည် အလွန်ကျော်ကြားပြီး ကမ္ဘာပေါ်တွင် အနံ့မွှေးပါ အရည်အသွေးမြင့် **"မြန်မာ့ပုလဲစပါး"** ဟု အသိများပါသည်။ ပေါ်ဆန်းစပါးသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် နှစ်ကြိမ်တိုင် ကမ္ဘာ့ အကောင်းဆုံးဆန်ဟု အသိအမှတ်ပြုခံထားရသော စပါးမျိုးဖြစ်ပါသည်။




မွှေးရနံ့ပါရှိသော အခြားစပါးမျိုးများဖြစ်သည့် ဂျက်စမင်စပါးနှင့် ဘာစမာတီ စပါးမျိုးများ၏ ဆဲလ် (Cell) အတွင်းရှိ ခရိုမိုဇုန်းနံပါတ် (၈) ၏ ဒီအင်န်အေ အစီအစဉ်တွင် ဘေ့စ် (Nitrogenous base) ရှစ်ခု လျော့သွားခြင်း (8 bp deletion in Exon 7) သည် အမွှေးနံ့ဒြပ်ပေါင်း ၂-အက်ဆီ တိုင်း-၁-ပီရိုလင်း (2-acetyl-1-pyrroline, 2AP) ထွက်ပေါ်ခြင်းနှင့် ဆက်စပ်မှုရှိကြောင်းကို ပညာရှင်များက သုတေ သနပြု ဖော်ထုတ်ခဲ့ကြပြီး ဖြစ်ပါသည်။

အရည်အသွေးကောင်း ပေါ်ဆန်းစပါးမျိုးများ အပါအဝင် မြန်မာ့ရနံ့မွှေးစပါးမျိုးများသည် ဘာစမာတီစပါးနှင့် ဂျက်စမင်စပါးများကဲ့သို့ ဗီဇ ပါဝင်ခြင်းမျိုးမဟုတ်ဘဲ အမွှေးနံ့ဖြစ်စေမှုနှင့် သက်ဆိုင်သည့် Os2AP gene ၏ အခြားနေရာ (exon 13) တွင် ဘေ့စ်သုံးခု တိုးလာခြင်း (3 bp insertion) ကြောင့် အကျိုးဆက်အားဖြင့် အမွှေးနံ့ ဒြပ်ပေါင်း (2AP) ထွက်ပေါ်လာကြောင်း၊ ကမ္ဘာပေါ်ရှိ အခြားအနံ့မွှေးပါစပါးမျိုးများတွင် မပါရှိသည့် အမွှေးနံ့ဗီဇ တည်ဆောက်ပုံရှိကြောင်း၊ ဗီဇအမှတ် အသားအသစ် (3In2AP marker) အား အသုံးပြု၍ မြန်မာနိုင်ငံတွင် စိုက်ပျိုးသော ရနံ့မွှေးသည့် စပါး မျိုးများအား ဗီဇစစ်ဆေးလေ့လာခဲ့ရာ ပေါ်ဆန်း စပါးမျိုးအများစုသည် အခြားနိုင်ငံများမှ စပါးမျိုး များတွင် မပါရှိသည့် အမွှေးနံ့ဗီဇအသစ် (3bp insertion) ပါရှိကြောင်းကို မြန်မာစိုက်ပျိုးရေး ပညာရှင်တစ်ဦးက သုတေသနပြု ရှာဖွေဖော်ထုတ် နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ မူရင်းအဖိုးတန် သဘာဝအရင်း အမြစ်ဖြစ်သော ပေါ်ဆန်းစပါးမျိုးများအပါအဝင် စပါးမျိုးပေါင်း ၉၀ ၏ အမွှေးနံ့ဗီဇဆိုင်ရာ အချက် အလက် (DNA sequence) များကို မှတ်တမ်းထား

**"အရည်အသွေးကောင်း ပေါ်ဆန်းစပါးမျိုးများအပါအဝင် မြန်မာ့ရနံ့မွှေးစပါးမျိုးများသည် ဘာစမာတီစပါးနှင့် ဂျက်စမင်စပါးများကဲ့သို့ ဗီဇပါဝင်ခြင်းမျိုးမဟုတ်ဘဲ အမွှေးနံ့ဖြစ်စေမှုနှင့် သက်ဆိုင်သည့် Os2AP gene ၏ အခြားနေရာ (exon 13)တွင် ဘေ့စ်သုံးခု တိုးလာခြင်း (3 bp insertion) ကြောင့် အကျိုးဆက်အားဖြင့် အမွှေးနံ့ဒြပ်ပေါင်း (2AP) ထွက်ပေါ်လာကြောင်း၊ ကမ္ဘာပေါ်ရှိ အခြားအနံ့မွှေးပါစပါးမျိုးများတွင် မပါရှိသည့် အမွှေးနံ့ဗီဇ တည်ဆောက်ပုံရှိကြောင်း၊ ဗီဇအမှတ်အသားအသစ် (3In2AP marker) အား အသုံးပြု၍ မြန်မာနိုင်ငံတွင် စိုက်ပျိုးသော ရနံ့မွှေးသည့် စပါးမျိုးများအား ဗီဇစစ်ဆေး လေ့လာခဲ့ရာ ပေါ်ဆန်းစပါးမျိုးအများစုသည် အခြားနိုင်ငံများမှ စပါးမျိုးများတွင် မပါရှိ သည့် အမွှေးနံ့ဗီဇအသစ် (3bp insertion) ပါရှိကြောင်းကို မြန်မာစိုက်ပျိုးရေး ပညာရှင်တစ်ဦးက သုတေသနပြု ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါသည်"**




ထိန်းသိမ်းနိုင်ရန်အတွက် နိုင်ငံတကာဗီဇသတင်း အချက်အလက် မှတ်တမ်းများထားရှိရာ GenBank database ဖြစ်သည့် (www.ncbi.gov) တွင် GenBank accession number JQ308346 မှ JQ 308435 ထိ ထုတ်လွှင့်မှတ်တမ်းတင်ထားရှိပြီး ဖြစ်သည်ဟု လေ့လာသိရှိရပါသည်။

ပေါ်ဆန်းစပါးကို ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသများတွင် အစိုက်များပါသည်။ ပေါ်ဆန်းစပါး၏ မူရင်းဒေသသည် မှတ်တမ်းများအရ ပေါ်ဆန်းမွှေး (D-44-8)၊ ပေါ်ဆန်းဘေးကြား (D-60-8) အပါအဝင် မီးဒုံးအုပ်စုစပါးများကို စတင် စုဆောင်းမှတ်တမ်းတင်ခဲ့သည့် ဧရာဝတီမြစ်ဝ ကျွန်းပေါ်ဒေသဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ၂၀၀၀ ပြည့်နှစ်မှစတင်၍ ပေါ်ဆန်းစပါးကို မြန်မာ နိုင်ငံအထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ဒေသတွင် ချဲ့ထွင်စိုက်ပျိုးလာခဲ့ကြပါသည်။ ဒေသအလိုက် အရည်အသွေး ကွာခြားသောကြောင့် ကိုယ်ပိုင်ကုန်အမှတ်တံဆိပ် အမှတ်အသားများဖြင့် ပြည်တွင်းဈေးကွက်တွင် တွင်ကျယ်စွာ ရောင်းချ လျက် ရှိပါသည်။

ဤကဲ့သို့ ထူးခြားသည့်ဗီဇပါရှိသည်ကို ငြင်းချက်ထုတ်မရအောင် ခိုင်မာသော မြန်မာတို့၏ ရတနာပေါ်ဆန်းစပါးကို နည်းလမ်းတကျ ကာကွယ် ထိန်းသိမ်း၍ အကျိုးရှိစွာ တိုးချဲ့စိုက်ပျိုး ထုတ်လုပ် ရောင်းဝယ်ဖောက်ကားသွားရန် လိုအပ်မည် ဖြစ်ပါသည်။ ပေါ်ဆန်းစပါးမျိုးများကို ထိန်းသိမ်း ရာတွင် မူရင်းပေါက်ရောက်ရာဒေသများတွင် စနစ်တကျထိန်းသိမ်းခြင်းနှင့် အထူးစီမံထားသည့် မျိုးဗီဇထိန်းသိမ်းရာနေရာများတွင် ထိန်းသိမ်းခြင်း တို့ဖြင့် ရေရှည်တည်တံ့အောင် စနစ်တကျ စီမံ ဆောင်ရွက် ထိန်းသိမ်းသွားကြရမည် ဖြစ်ပါသည်။ ယနေ့အချိန်ထိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်တွင် ပေါ်ဆန်းဗီဇမျိုးကွဲပေါင်း ၁၀၈ မျိုးကို ထိန်းသိမ်းထားရှိပါသည်။

**ဒေသဆိုင်ရာအညွှန်း**

မြန်မာနိုင်ငံ၌ **"ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေ"**တွင် ဒေသထွက်ကုန်များကို **"ဒေသဆိုင်ရာ အညွှန်း"** ဖြင့် အကာအကွယ်ပေးနိုင်ရန် အခန်း တစ်ရပ် ထည့်သွင်းပြဋ္ဌာန်းထားသောကြောင့် ပေါ်ဆန်းစပါးထုတ်ကုန်များကို ဒေသဆိုင်ရာအညွှန်း ဖြင့် ကာကွယ်သင့်ပါသည်။ **"ဒေသဆိုင်ရာအညွှန်း"** ဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများ ပါရှိ သည့် ကုန်ပစ္စည်းထွက်ရှိရာ နိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှ မူလထွက်ရှိသော ကုန်ပစ္စည်း ဖြစ်ကြောင်း ညွှန်းပြချက်တစ်ခုခုကိုဆိုသည်" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ဒေသဆိုင်ရာအညွှန်းနှင့် အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးတို့ကြား ကွာခြားချက်မှာ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး များကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်းနှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းများ ပြုလုပ် နိုင်သော်လည်း ဒေသဆိုင်ရာအညွှန်းကို အသုံးပြု၍ ထုတ်လုပ်ရောင်းချရန် အခွင့်အရေးရရှိထားသည့် အဖွဲ့အစည်းသည် ၎င်းတို့အဖွဲ့အစည်းနှင့် မသက် ဆိုင်သောသူများအား လွှဲပြောင်းပေးခြင်းနှင့် ခွင့်ပြု ချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းများ မပြုလုပ်နိုင်ပါ။ ထို့အပြင် ဒေသဆိုင်ရာအညွှန်းကို မူရင်းဒေသရှိ ထုတ်လုပ်သူအားလုံးက အသုံးပြုနိုင်ပြီး အမှတ် တံဆိပ်မူပိုင်ခွင့်ကို အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကသာ အသုံးပြုနိုင်သည်။

ဒေသဆိုင်ရာအညွှန်းသည် တိကျသော မူရင်း ဒေသရှိပြီး ထိုမူရင်းဒေသကြောင့်ဖြစ်သော အရည် အသွေး၊ ထင်ပေါ်ကျော်ကြားမှုနှင့် အခြားဝိသေသ လက္ခဏာများ ပိုင်ဆိုင်သည့် ထုတ်ကုန်များတွင် အသုံးပြုသည့်အမည် (သို့မဟုတ်) သင်္ကေတ ဖြစ်သည်။ ကုန်အမှတ်တံဆိပ်ကဲ့သို့ ဒေသဆိုင်ရာ အညွှန်းကိုလည်း ကမ္ဘာ့စီးပွားရေးတွင် ဈေးကွက် ရှာဖွေရေးလက်နက်တစ်ခုအဖြစ် အသုံးပြုနိုင် သည်။ ဒေသထွက်ကုန်များအား နိုင်ငံတကာ ဈေးကွက်တွင် ဒေသဆိုင်ရာအညွှန်းဖြင့် အကာ အကွယ်ရယူလိုပါက မူရင်းဒေသ သို့မဟုတ် မူလ နိုင်ငံတွင် ဒေသဆိုင်ရာအညွှန်းအား မဖြစ်မနေ အကာအကွယ် ရယူထားရမည်။

မြန်မာနိုင်ငံတွင် ဒေသထွက်ကုန်ပစ္စည်းအဖြစ် လူသိများကျော်ကြားသော ထုတ်ကုန်ပစ္စည်း များစွာ ရှိသည့်အနက် ပေါ်ဆန်းစပါးသည်လည်း တစ်ခု အပါအဝင်ဖြစ်ပါသည်။ အောက်မြန်မာနိုင်ငံ ဧရာ ဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်မြို့နယ်များ ဖြစ်သော ဖျာပုံ (ဥတိုကျေးရွာ)၊ မြောင်းမြ၊ ပုသိမ်၊ ဒေးဒရဲစသည်ဒေသများမှထွက်ရှိသည့် ပေါ်ဆန်း စပါးများသည် ပင်လယ်လေနှင့် ဆားငန်ဓာတ် အနည်းငယ်ပါဝင်သော ရေမြေသဘာဝကြောင့် အနံ့မွှေးပြီးအရသာစိမ့်၍ လူသိများကျော်ကြား ပါသည်။

ထို့အပြင် မြစ်ဝကျွန်းပေါ်အထက်ပိုင်း ရေကြည်၊ ကျုံပျော်မြို့နယ်များရှိ ရေချိုဒေသ၊ မြေနုကျွန်းပေါ် နှင့် မြေဆီဩဇာ အလွန်ထက်သန်သောမြေများမှ ထွက်ရှိသည့် စိမ့်အိသောအရသာရှိပြီး ထမင်းအေး သွားသော်လည်း ပျော့ပျောင်းနေဆဲဖြစ်သည့် ပေါ်ဆန်းစပါးနှင့် အလင်းရောင်၊ ပထဝီအနေ အထား၊ မြေဆီဩဇာ၊ ရေအစရှိသည့် သဘာဝ တရားတို့ကြောင့် ထမင်းရှည်ထွက်မှုနှင့် အနံ့မွှေး မှုတွင် ထိပ်တန်း အရည်အသွေးရှိ အထက်မြန်မာ နိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ဝက်လက်တို့မှ ထွက်ရှိသည့် **"ရွှေဘိုပေါ်ဆန်း"** တို့သည်လည်း နာမည်ကျော်ကြားသည့် ဒေသထွက်ကုန်များ ဖြစ်ကြသည်။

အဆိုပါပေါ်ဆန်းစပါး ဒေသထွက်ကုန်များသည် ဒေသဆိုင်ရာအညွှန်းအဖြစ် အလားအလာရှိသည့် ကုန်ပစ္စည်းများဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒေသ ထွက်ကုန်ပစ္စည်းများကို ဒေသဆိုင်ရာအညွှန်းဖြင့် အကာအကွယ်ရယူမည်ဆိုပါက ထုတ်ကုန်၏ အရည်အသွေးအား ထိန်းသိမ်းထားနိုင်ခြင်း၊ အခွင့်အရေးရရှိသူများ၏ မူပိုင်ခွင့်ကို ကာကွယ် ပေးနိုင်ခြင်း၊ ထုတ်ကုန်၏ဈေးနှုန်းသည် ပရီမီယံသို့ ဦးတည်နိုင်ခြင်းနှင့်

*စာမျက်နှာ ၁၁ သို့*

# ကျိုက်သလွံစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လမြိုင် စက်တင်ဘာ ၁၄**

(၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်းရှိ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၌ အများပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးအတွက် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းအောင်ကျော် ကြီးကြပ်မှုဖြင့် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသော မွန်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးသော ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်လုံခြုံရေးရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်း ရဲတပ်ဖွဲ့နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင် ၂၅၀ တို့က ဘုရားရင်ပြင်တော်၊ စောင်းတန်းများနှင့် ပတ်ဝန်းကျင် နေရာများအား စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရာ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**





စလင်းမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးကို စက်တင်ဘာ ၁၂ ရက်က ရတနာမဉ္ဇူကျောင်းဝင်းအတွင်း၌ စလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးဇော်နိုင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်တို့က ကြည့်ရှုအားပေးပြီး ရေနှင့်မုန့်များကျွေးမွေးလှူဒါန်းစဉ်။

မောင်လွင်(စလင်း)

# ဇလွန်မြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်

**ဇလွန် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၉) စက်မှုလယ်ယာစခန်း၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသက်ပိုင်ထူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တောင်သူသင်တန်းသား ၃၀ အား စက်တင်ဘာ ၂၅ ရက်အထိ စာတွေ့ လက်တွေ့



သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝေယံ(ပြန်/ဆက်)**

# နတ်တလင်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများဖွင့်လှစ်

**နတ်တလင်း စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်ဥပဒေရုံးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများကိုစက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် တာပွန်မြို့ ငါးထပ်ကြီးဘုရားနှင့်မြို့မရပ်ကွက်နှင့်အုပ်ချုပ်ရေးမှူးရုံးတို့၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းများတွင် ဆရာဖြစ်သင်တန်းဆင်းရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းအရာများကို ပို့ချခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဦးအောင်ခန့်မင်းငွေက လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းများသို့ တာပွန်မြို့ ရပ်ကွက်(၃)ခုနှင့်မြို့ပေါ်(၄) ရပ်ကွက်မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ဘီးလင်းမြို့နယ်၌ သစ်တိုကျွန်းရွာတွင်းလမ်း ကတ္တရာခင်းခြင်းဆောင်ရွက်

**ဘီးလင်း စက်တင်ဘာ ၁၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက



၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်နေသည့် သစ်တိုကျွန်းရွာတွင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ပြည်နယ်တာဝန်ခံ အင်ဂျင်နီယာချုပ်နှင့်တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် ကွင်းဆင်း စစ်ဆေးသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ပြီး ဒေသထွက်စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ လွယ်လင့်တကူ ရောင်းဝယ်နိုင်ခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် သစ်တိုကျွန်းကျေးရွာ သစ်တိုကျွန်းရွာတွင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၇ ရက်မှ စတင်ဆောင်ရွက် ခဲ့ကာ ၂၀၂၆ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်တွင်လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ပြီးစီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ကျေးလက်ဒေသများတွင် ဝင်ငွေတိုးစေခြင်းစသည့် စီးပွားရေးအကျိုးသက်ရောက်မှုရရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် စားသုံးသူများအတွက်လည်း ထုတ်ကုန်များအကြောင်း အချက်အလက် မှန်ကန်စွာပေးနိုင်ခြင်း၊ ထုတ်ကုန်၏အမည်ကို ယေဘုယျအမည်ဖြစ်လာခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ ထုတ်ကုန်၏အမည်သည် ဒေသကိုအစွဲပြု၍ စားသုံးသူများ၏ အာရုံစိုက်မှုကို ဆွဲဆောင်နိုင်သောကြောင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်လာနိုင်ခြင်း၊ ကျေးလက်ဒေသ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

အမျိုးသားရေးအရ အရေးပါသည့် အရည်အသွေးမြင့်ပေါ်ဆန်းဆန်ကို နိုင်ငံတကာ ဈေးကွက်သို့ ပိုမိုချဲ့ထွင်ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပညာရှင်များက အဆင့်မြင့်မျိုးမွေးမြူ ရွေးချယ်ခြင်းနည်းလမ်းများကို အသုံးပြု၍ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း၊ ပေါ်ဆန်းမွှေးကဲ့သို့ အနံ့မွှေးပါသည့် လက္ခဏာများရရှိရန် ရည်ရွယ်ချက်ဖြင့် သုတေသနပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့သောကြောင့် စားသုံးမှုအရည်အသွေးကောင်းမွန်ပြီး ရာသီမရွေးစိုက်ပျိုးနိုင်သော အထွက်နှုန်းကောင်း ရေဆင်းပေါ်ဆန်း-၁ နှင့် ရေဆင်းပေါ်ဆန်း-၂ ဟူ၍ စပါးမျိုးသစ် နှစ်မျိုးကို အောင်မြင်စွာ မွေးမြူ ထုတ်လုပ်နိုင်ခဲ့ပါသည်။

ယခုအခါ ပေါ်ဆန်းစပါးအပါအဝင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံး ပိုမိုအဆင်ပြေ ချောမွေ့နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်တောင်သူများ ပူးပေါင်းကာ စပါးစိုက်ပျိုးရေးဇုန်များ တည်ထောင်လုပ်ကိုင်နေပြီလည်း ဖြစ်ပါသည်။

မြန်မာ့ဒေသ စပါးဖြစ်သော ပေါ်ဆန်းစပါးမျိုး၏ သမိုင်းကြောင်း၊ ထူးခြားမှုနှင့် အရေးပါမှုတို့ကို အများပြည်သူကြား ပိုမိုသိရှိစေရန်၊ ပေါ်ဆန်းစပါးသည် မြန်မာလူမျိုးများ၏ စိုက်ပျိုးရေးဆိုင်ရာ အလေ့အထ၊ ဓလေ့စရိုက်နှင့် ယဉ်ကျေးမှုအစဉ်အလာကို ဖော်ညွှန်းပေးနိုင်စွမ်းရှိပြီး စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါလျက်ရှိသည်ကို မီးမောင်းထိုးပြနိုင်ရန်၊ ပေါ်ဆန်းစပါး၏ မျိုးရိုးဗီဇလက္ခဏာကောင်းများကို ရေရှည်ထိန်းသိမ်းကာကွယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့နှင့် သက်ဆိုင်သည့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အားပေးရန်၊ ပေါ်ဆန်းစပါးကဲ့သို့သော အရည်အသွေးကောင်းဒေသ စပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်အသုံးပြုသည့်လုပ်ငန်းစဉ်များတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ အော်ဂဲနစ်စိုက်ပျိုးနည်းစနစ်များ အသုံးပြုလာစေရန်၊ စပါးစိုက်ပျိုး

**ပေါ်ဆန်းစပါးမျိုးသစ်များ၏ အရည်အချင်းလက္ခဏာများ**

| အရည်အချင်းလက္ခဏာများ | ပေါ်ဆန်းမွှေး | ရေဆင်း ပေါ်ဆန်း-၁ | ရေဆင်း ပေါ်ဆန်း-၂ |
|---|---|---|---|
| အသက်ရက် | နိုဝင်ဘာ တတိယ ပတ်ပန်းပွင့် | ၁၃၆ (နွေ)၊ ၁၂၆ (မိုး) | ၁၃၉ (နွေ)၊ ၁၃၀ (မိုး) |
| အပင်မြင့် (စင်တီမီတာ) | ၁၃၄ | ၁၁၅-၁၂၀ | ၉၅-၁၁၀ |
| အနှံပါပင်ပွား | ၁၀ | ၁၂-၁၄ | ၁၂-၁၆ |
| အနှံရှည် (စင်တီမီတာ) | ၂၆.၄ | ၂၈.၂ | ၂၇.၃ |
| တစ်နှံပါသီးလုံး | ၁၆၇ | ၂၀၅ | ၂၀၇ |
| အောင်စေ့ရာခိုင်နှုန်း | ၈၂ | ၈၅-၉၂ | ၈၄-၉၀ |
| အစေ့ (၁၀၀၀) အလေးချိန် (ဂရမ်) | ၃၀.၂ | ၂၈.၄ | ၂၄.၄ |
| ဆန်ထွက်ရာခိုင်နှုန်း(%) | ၆၁.၅ | ၆၂.၂ | ၆၅.၈ |
| အမိုင်းလို့စ်ပါဝင်မှု(%) | ၂၁ | ၁၇ | ၂၂.၇ |
| အထွက် (တင်း) | ၈၀ | ၉၀-၁၀၀ | ၈၅-၁၀၀ |

ထုတ်လုပ်ရောင်းဝယ်ဖောက်ကား စားသုံးသူများကြား အကြားအလတ်မရှိ ချိတ်ဆက်မှုကောင်းသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းမှသည် စီးပွားရေးအထောက်အကူပြု အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိစေရန်၊ ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် ပေါ်ဆန်းစပါးကို ရေရှည်တည်တံ့စွာ ထိန်းသိမ်းတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းသည့် မဖြစ်မနေလုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြရန် ရည်ရွယ်၍ ရေးသားပြုစုအပ်ပါသည်။

**( မှတ်ချက်။ ၂၀၂၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ကျင်းပသည့် ပေါ်ဆန်းဖိုရမ်တွင် တင်ပြခဲ့သော ပညာရှင်များ၏ တင်ပြချက်များအား လေ့လာစုစည်းထုတ်နုတ် တင်ပြထားခြင်း ဖြစ်ပါသည်။)**

## စစ်ကိုင်းပညာရေးတက္ကသိုလ်၌ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေးအလံ ပေးအပ်ပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၁၄** စစ်ကိုင်းတိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများက (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘာသာရပ်အလိုက် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်သည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အောင်နိုင်ရေးအဖွဲ့ ခေါင်းဆောင်ထံ အောင်နိုင်ရေး အလံကို ပေးအပ်ပြီး**(အောက်ပုံ)** ဆုရရှိခဲ့သူများ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

နံနက်ပိုင်းကလည်း အုန်းတောကျေးရွာရှိ တောင်သူ ဦးအောင်ကျော်လွင်၏ ချည်မျှင်ရှည်ဝါ ရာကာ ၆၆၆ မျိုးစိုက်ခင်း၊ ဒေသခံတောင်သူများ၏ ဝါသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး စံပြကွက်၊ "ထွန်းသီရိ" ဝါစက်ရုံ၊ "KT" ကြက်သားဖောက် လုပ်ငန်းနှင့် စစ်ကိုင်းမြို့ရှိ "ရွှေမင်းဝံ" ပန်းခြံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄** ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ **(အပေါ်ပုံ)** ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် စုစုပေါင်း ၂၆၂ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေ တိုးရေး စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရှိမြို့နယ်များမှ လုပ်ငန်းထူထောင်ကြမည့် လုပ်ငန်းရှင်များကို လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

❏ *ကျောဖုံးမှ*

စိတ်ချမ်းမြေ့စွာ ယှဉ်ပြိုင်ကစားကြစေလိုကြောင်း ပြောကြားပြီး အားကစားအသင်းများကို အမှတ်တရလက်ဆောင်များပေးအပ်ကာ လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံသည်။

### အခမဲ့ကြည့်ရှုအားပေးနိုင်

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၉) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ (ဘားအံဇုန်) အုပ်စုပတ်လည်ပွဲစဉ်များကို ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်တွင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ စက်တင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာ ၂၀ ရက်တွင် ကယားပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာ ၂၂ ရက်တွင် ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာ ၂၃ ရက်တွင် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

### ဆက်လက်ကျင်းပသွားမည်

အဆိုပါ ပြိုင်ပွဲ၏ ရှုံးထွက်အဆင့် ပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီးရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ကျောက်တံခါးမြို့နယ်၌ မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေး ဟောပြော

**ကျောက်တံခါး စက်တင်ဘာ ၁၄** ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ယနေ့နံနက် ၁၁ နာရီက ကြံဘိုကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်သူဇာဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းတို့က လူငယ်များ သိသင့်သိထိုက်သည့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါး အန္တရာယ် သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက အသိပညာပေး ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မျိုးမင်း(ပြန်/ဆက်)**

## ကျိုက်မရောမြို့နယ်၌ သမဝါယမအသင်း အမှုဆောင်အသစ်ရွေးချယ်

**ကျိုက်မရော စက်တင်ဘာ ၁၄** မွန်ပြည်နယ် ကျိုက်မရောမြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမ အသင်းစုရုံးခန်းမ၌ကျင်းပရာ သမဝါယမ အသင်းစု သဘာပတိ ဦးအောင်နိုင်ဝင်း၊ ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

### ကတိသစ္စာခံယူ

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအဖြစ် သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသင်းအမှုဆောင်အသစ်ဖွဲ့စည်းပေးပြီး အမှုဆောင်အသစ်များအား သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူစေပြီး တာဝန် ခွဲဝေသတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



သစ်တောတွေထိန်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏။

# ကော့သောင်းမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ (အခြေခံ) သင်တန်းဆင်းပွဲကျင်းပ

**ကော့သောင်း စက်တင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ဟိုတယ်နှင့်ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကော့သောင်းခရိုင်ရုံးမှကျင်းပသည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ (အခြေခံ) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်



အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့်အဖွဲ့ဝင်များက ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာအခြေခံသင်တန်းများဖြစ်သည့် (ညှို့ကြို) Front Office သင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအသောက်နှင့်အဖျော်ယမကာသင်တန်းတို့မှ ဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်၍ သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ထို့နောက် ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းအသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေလိုပြီး လူနေမှုအဆင့်အတန်းများမြင့်မားလာကာ လူမှုစီးပွားဘဝတိုးတက်လာစေရန်ရည်ရွယ်၍ ကော့သောင်းမြို့ ဗြဟ္မဝိဟာရကျောင်းသင်တန်းဆောင်၌ ဩဂုတ် ၁၇ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား သင်တန်းသူ ၈၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မင်းဘူးမြို့ အမှတ်(၂)ရေနံမြေ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်းဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများက (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က အောက်ကျောင်း သမုဒ္ဒဂီရိမြစေတီဘုရားဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို အင်အား ၄၀ ဖြင့် စုပေါင်းဆောင်ရွက်စဉ်။ မောင်မောင်(မင်းဘူး)

## (၁၄-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၆ ~ ၃၆၆၇.၅ | ၅၅၈.၁ ~ ၅၅၈.၅ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၆၀၈,၀၂၀.၄၀ | ၄၀,၀၀၀,၀၀၀.၀၀ | ၆၀,၁၇၅,၇၁၁.၈၉ | - |

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၄-၉-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | မင်းဘူးမြို့ | ၃၈.၈ | ၁၀၁.၈ |
| ၂။ | စစ်ကိုင်းမြို့ | ၃၈.၂ | ၁၀၀.၈ |
| ၃။ | ညောင်ဦးမြို့ | ၃၈.၀ | ၁၀၀.၄ |
| ၄။ | မကွေးမြို့ | ၃၇.၉ | ၁၀၀.၂ |
| ၅။ | ချောက်မြို့ | ၃၇.၆ | ၉၉.၇ |
| ၆။ | မြင်းမူမြို့ | ၃၇.၅ | ၉၉.၅ |
| ၇။ | အောင်လံမြို့ | ၃၇.၄ | ၉၉.၃ |
| ၈။ | ဆင်ဖြူကျွန်းမြို့ | ၃၇.၀ | ၉၈.၆ |
| ၉။ | ရွှေဘိုမြို့ | ၃၇.၀ | ၉၈.၆ |
| ၁၀။ | ပခုက္ကူမြို့ | ၃၇.၀ | ၉၈.၆ |
| ၁၁။ | မုံရွာမြို့ | ၃၇.၀ | ၉၈.၆ |
| ၁၂။ | မြစ်ကြီးနားမြို့ | ၃၇.၀ | ၉၈.၆ |



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အမှတ်(၁၄) လုံခြုံရေးရဲတပ်ဖွဲ့ခွဲနောက်တန်းဌာနချုပ်မှ ရဲမှူးသိန်းဇော်ဦး ကြီးကြပ်ကွပ်ကဲသည့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၃ ရက်က ပလိပ်တိုက်နယ်ဆေးရုံရှေ့ လမ်းဘေးဝဲ/ယာနှင့် ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "San Sin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မြန်မာခါးရိုးရပ်ကွက်နေ မေရီဆန်စင်အား နေ့လယ် ၁၂ နာရီ ၁၅ မိနစ်တွင် လားရှိုးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မိုးသန့်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၂ ရက်က ပျော်ဘွယ်မြို့ ပြည်သာယာရပ်ကွက်ရှိ မြကျိုင်းတောင်ဘုရားကျောင်းအတွင်းနှင့် ပတ်ဝန်းကျင်တို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ မင်းမင်းထွေး(ပျော်ဘွယ်)



ညောင်ဦးမြို့နယ်တွင် (၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၊ မျက်စိဆောင်ခန်းမ၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပရာ ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်းစိုး ဦးဆောင်သည့် တာဝန်ရှိသူများက သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာနှင့် ဆေးများ ထောက်ပံ့ပေးအပ်စဉ်။ ဒီပါလင်း



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးဝဏ္ဏဆွေ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၂ ရက်က ဘိုကလေး အထက(၁)ကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မိုးစက်(ဘိုကလေး)



(၆၂)မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲမြင့်၊ မီးရထားရဲတပ်ဖွဲ့မှ ဒုရဲမှူးနှင့်တပ်ဖွဲ့ဝင်များ၊ တောင်တွင်းကြီးမြို့ ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဒါန်းခြင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မကြာမီကာလအတွင်း တူကီယဲသမ္မတ အာဒိုဂန် ဆီးရီးယားသို့ သွားမည်

**ဒမတ်စကတ် စက်တင်ဘာ ၁၄**

ဆီးရီးယားနှင့် တူကီယဲနိုင်ငံတို့အကြား နိုင်ငံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိရာ မကြာမီကာလအတွင်း တူကီယဲသမ္မတ ရီဆပ်တေရစ်အာဒိုဂန်သည် ဆီးရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်က စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံခြားရေးရာ အကြီးအကဲ အာဆတ်ဟာဆန်အယ်ရှီဘာနီနှင့် တွေ့ဆုံပြီးနောက် ဒမတ်စကတ်မြို့တွင် ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိကြောင်း ဖီဒန်က ပြောကြားသည်။

၎င်းတို့သည် တွေ့ဆုံမှုအတွင်း နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာအားကောင်းစေရေး ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပြင် စွမ်းအင်၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး အပါအဝင် ကဏ္ဍစုံပါဝင်သည့် အဆင့်မြင့်ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းတည်ထောင်ရေးတို့အတွက်လည်း ဆွေးနွေးခဲ့ကြသည်။



တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်နှင့် ဆီးရီးယားနိုင်ငံခြားရေးရာအကြီးအကဲ အာဆတ်ဟာဆန် အယ်ရှီဘာနီ။

ဆီးရီးယားနှင့် တူကီယဲနိုင်ငံတို့အကြား ဆက်ဆံရေးသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း လျင်မြန်စွာတိုးတက်ကောင်းမွန်လာကြောင်း သိရသည်။ **ဆင်ဟွာ**

# ပစိဖိတ်လေးနိုင်ငံသို့ ဆေးရုံရေယာဉ် အင်ဒိုနီးရှား စေလွှတ်

**ဂျကာတာ စက်တင်ဘာ ၁၄**

အင်ဒိုနီးရှားရေတပ်က ပစိဖိတ်ကျွန်းနိုင်ငံလေးနိုင်ငံသို့ ရက်ပေါင်း ၆၀ကြာလူသားချင်းစာနာထောက်ထားမှုနှင့် သံတမန်ရေးရာမစ်ရှင်အတွက် ဆေးရုံရေယာဉ်တစ်စင်းကို စက်တင်ဘာ ၁၄ ရက်တွင် စေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်သည် ဂျကာတာမြောက်ပိုင်း တန်ဂျွန်ပရီအော့ဆိပ်ကမ်းမှ ဗာနူအာတူ၊ ဖီဂျီ၊ ဆော်လမွန်ကျွန်းစုနှင့် ပါပူအာနယူးဂီနီနိုင်ငံတို့သို့ ထွက်ခွာလာကြောင်း နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီးဂျာမာရီချာနီယာဂိုက ပြောကြားသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်စဉ်အတွင်း ယာဉ်ပေါ်ပါဝန်ထမ်းများက အခမဲ့ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် ယင်းပစိဖိတ်နိုင်ငံ လေးနိုင်ငံအကြား ပိုမိုရင်းနှီးသည့် ဆက်ဆံရေးများကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ပြင်သစ်၏ နျူကလီးယားဟန့်တားရေးစီမံကိန်းတွင် ဖင်လန်ပါဝင်လာပြီး စုစုပေါင်း ၁၁ နိုင်ငံအထိ ရှိလာ

**ဟယ်ဆင်ကီ စက်တင်ဘာ ၁၄**

ဖင်လန်နိုင်ငံသည် ပြင်သစ်နိုင်ငံ၏ နျူကလီးယားဟန့်တားရေးစီမံကိန်းတွင် ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း ဖင်လန်ကာကွယ်ရေးဝန်ကြီး



ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၊ ဖင်လန်သမ္မတ အလက်ဇန်းဒါးစတပ်ဘ်။

အန်တီဟက်ကာနန်က စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၎င်းက အနီးကပ်မဟာမိတ်များဖြစ်သော နော်ဝေ၊ ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံတို့သည် အဆိုပါစီမံကိန်းတွင် ပူးပေါင်းပါဝင်ထားပြီးဖြစ်သောကြောင့် ယခုကဲ့သို့ လုပ်ဆောင်မှုမှာ သဘာဝကျသည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖင်လန်သမ္မတ အလက်ဇန်းဒါးစတပ်ဘ်က ဖင်လန်နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းသည့် အချိန်ကာလများ၌ ၎င်း၏နယ်နိမိတ်အတွင်း နျူကလီးယားလက်နက်များကို ဖြန့်ကြက်ထားရှိရန် ရည်ရွယ်ချက်မရှိကြောင်း စက်တင်ဘာ ၁၄ ရက်တွင် ထပ်လောင်းအတည်ပြုပြောကြားသည်။ ပြင်သစ်၏အဆိုပါလုပ်ဆောင်ချက်သည် နေတိုး၏ နျူကလီးယားတားဆီးရေးကို အစားထိုးခြင်းမဟုတ်ကြောင်းနှင့် ဖင်လန်နိုင်ငံ၏အဓိကဦးစားပေးမှာ နေတိုးနှင့် အီးယူ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ရန်ဖြစ်ကြောင်း သမ္မတစတပ်ဘ်က အလေးပေးပြောကြားသည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က မတ်လတွင် Forward Deterrence အစီအစဉ်ကို စတင်မိတ်ဆက်ခဲ့ရာ ဂျာမနီ၊ ဗြိတိန်၊ ပိုလန်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဂရိ၊ ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံတို့ ပူးပေါင်းပါဝင်ခဲ့ကြသည်။ နောက်ပိုင်းတွင် နော်ဝေနိုင်ငံ ပါဝင်လာခဲ့ပြီး ယခုအခါ ဖင်လန်နိုင်ငံပါ ပါဝင်လာသည့်အတွက် ပြင်သစ်အပါအဝင် စုစုပေါင်း ၁၁ နိုင်ငံအထိ ရှိလာကြောင်း သိရသည်။ **ဆင်ဟွာ**

# AI ဖွံ့ဖြိုးတိုးတက်မှု အရှိန်လျှော့ရန် လိုအပ်ဟု Anthropic CEO သတိပေး

**ဝါရှင်တန် စက်တင်ဘာ ၁၄**

အမေရိကန်နိုင်ငံအခြေစိုက် ဉာဏ်ရည်တု (AI) နည်းပညာလုပ်ငန်းသစ် Anthropic ၏ အမှုဆောင်အရာရှိချုပ် (CEO) ဒါရီယို အမိုဒေးက AI ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို လျှော့ချရန် လိုအပ်နေပြီဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။

အမိုဒေးက စက်တင်ဘာ ၁၂ ရက်တွင် အွန်လိုင်းမှထုတ်ပြန်ခဲ့သည့် ပို့စ်တစ်ခု၌ AI မော်ဒယ်များ၏ စွမ်းဆောင်ရည်များ တိုးတက်ကောင်းမွန်လာသည့် အရှိန်ကို ကျွန်ုပ်တို့လျှော့ချရမည်ဟု ပြောကြားခဲ့သည်။

AI သည် အလွန်အစွမ်းထက်သည့် နည်းပညာတစ်ရပ်ဖြစ်သောကြောင့် ၎င်းနှင့်ဆက်စပ်သည့် အန္တရာယ်များမှာလည်း ကြီးမားကြောင်း ၎င်းက ဆိုသည်။ ထိုအန္တရာယ်များတွင် AI စနစ်များအပေါ် ထိန်းချုပ်နိုင်မှု ဆုံးရှုံးသွားနိုင်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ဇီဝအကြမ်းဖက်မှုများအတွက် AI ကို အလွဲသုံးစားပြုနိုင်ခြင်းနှင့် စီးပွားရေးအပေါ် ပြင်းထန်စွာ ထိခိုက်စေနိုင်ခြင်းတို့ပါဝင်ကြောင်း ၎င်းက ပြောသည်။

ယခုနှစ် နွေရာသီမှစတင်၍ AI နည်းပညာသည် ယခင်ကထက် သိသိသာသာ ပိုမိုမြန်ဆန်စွာတိုးတက်လာနေကြောင်း အမိုဒေးက ထောက်ပြခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှုကိုထိန်းချုပ်ခြင်းမရှိဘဲ ဆက်လက်




ခွင့်ပြုထားပါက AI စနစ်များက ကျွန်ုပ်တို့၏ နားလည်နိုင်စွမ်းနှင့် ထိန်းချုပ်နိုင်စွမ်းထက်ပင် ပိုမိုမြန်ဆန်စွာ ကျော်လွန်သွားနိုင်သည်ဟု ၎င်းက သတိပေးခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ကိုလံဘီယာ၌ လူငါးဦးလိုက်ပါသည့် အသေးစား လေယာဉ်ပျောက်ဆုံးသဖြင့် ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်

**ဘိုဂိုတာ စက်တင်ဘာ ၁၄**

လူငါးဦးလိုက်ပါသွားသည့် အသေးစားလေယာဉ် ပျောက်ဆုံးသွားသဖြင့် ရှာဖွေရေးလုပ်ငန်းများလုပ်ဆောင်လျက်ရှိကြောင်း ကိုလံဘီယာအရပ်ဘက် လေကြောင်းအာဏာပိုင်အဖွဲ့က စက်တင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

အဆိုပါလေယာဉ်သည် ကွန်ဒိုတိုရှိ မန်ဒင်ဂါလေဆိပ်မှ ထွက်ခွာလာခဲ့ပြီး မြို့တော်ဘိုဂိုတာရှိ ဂူယာမာရယ်လေဆိပ်သို့ ဦးတည်သွားခဲ့ကြောင်း သိရသည်။ အာဏာပိုင်များက ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၃ မိနစ်တွင် လေယာဉ်နှင့် နောက်ဆုံးအဆက်အသွယ်ရရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားသည်။ **ဆင်ဟွာ**

# ဂျော်ဒန်နိုင်ငံတောင်ပိုင်း စက်မှုဇုန်၌ အမိုးနီးယားဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ၁၁ ဦး ဒဏ်ရာရ

**အမ်မန် စက်တင်ဘာ ၁၄**

ဂျော်ဒန်နိုင်ငံတောင်ပိုင်း အာကာဘာဆိပ်ကမ်းမြို့ရှိ စက်မှုဇုန်၌ စက်တင်ဘာ ၁၄ ရက်တွင် အမိုးနီးယားဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခြင်းကြောင့် လူ ၁၁ ဦး အသက်ရှုကျပ်ခြင်းကို ခံစားခဲ့ရကြောင်း အာကာဘာ အထူးစီးပွားရေးဇုန်အာဏာပိုင်အဖွဲ့၏ သဘာဝပတ်ဝန်းကျင်နှင့် အများပြည်သူ ဘေးကင်းရေးဆိုင်ရာကော်မရှင်နာ နီဒါမူဆာအယ်လ်အိုရန်က ပြောကြားသည်။

ဂျပန်ကုမ္ပဏီတစ်ခုကပိုင်သည့် စက်ရုံ၌ ပန့်အဟောင်း သို့မဟုတ် ဖိအားပေးကိရိယာတစ်ခုကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း လုပ်ဆောင်ချိန်အတွင်း အဆိုပါမတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အလုပ်သမားများမှာ ကနဦးတွင် ဘေးအန္တရာယ်ကင်းရေးလုပ်ထုံးလုပ်နည်းများကို လိုက်နာခဲ့သော်လည်း ဓာတ်ငွေ့ယိုစိမ့်သည့်နေရာနှင့် အနီးတွင်ရှိနေသောကြောင့် ထိခိုက်ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားကူးတို့သင်္ဘောနစ်မြုပ်မှု သေဆုံးသူခြောက်ဦးရှိလာ၊ ၁၂၉ ဦး ပျောက်ဆုံးနေ

**ဂျကာတာ စက်တင်ဘာ ၁၄**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပင်လယ်ပြင်တွင် ကူးတို့သင်္ဘောနစ်မြုပ်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူခြောက်ဦးရှိလာပြီး ၁၂၉ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါကူးတို့သင်္ဘောသည် အရှေ့ဂျာဗားပြည်နယ် ဆူရာဘာယာမြို့မှ တောင်ပိုင်းကာလီမန်တန်ပြည်နယ် ဘန်ဂျာမာစင်မြို့သို့ စက်တင်ဘာ ၁၂ ရက်တွင် ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ရှာဖွေကယ်ဆယ်ရေးအဖွဲ့က သင်္ဘောအော်ပရေတာသည် အဆိုပါ ကူးတို့သင်္ဘောနှင့် အဆက်အသွယ်ပြတ်တောက်သွားကြောင်း စက်တင်ဘာ ၁၃ ရက် အစောပိုင်းတွင် အသိပေးအကြောင်းကြားခဲ့သည်ဟု ပြောကြားသည်။

အဆိုပါကူးတို့သင်္ဘောတွင် ခရီးသည်နှင့် သင်္ဘောအမှုထမ်း ၂၄၀ ခန့် လိုက်ပါခဲ့ကြကြောင်း၊ လူပေါင်း ၁၀၀ ကျော်ကို ကယ်ဆယ်ထားနိုင်ပြီဖြစ်ကြောင်းနှင့် ရာသီဥတုဆိုးရွားမှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ကျွန်းပေါင်း ၁၀၀၀၀ ကျော်ရှိပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးတွင် ကူးတို့ရေယာဉ်များကို အဓိကအသုံးပြုနေကြရကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဩစတြေးလျအနောက်ပိုင်းကမ်းရိုးတန်း၌ ငါးမန်းတိုက်ခိုက်မှုကြောင့် အမျိုးသားတစ်ဦး ဆေးရုံတင်ထားရ

**ဆစ်ဒနီ စက်တင်ဘာ ၁၄**

ဩစတြေးလျနိုင်ငံ အနောက်ပိုင်းဒေသကမ်းရိုးတန်းအနီးတွင် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ငါးမန်းတိုက်ခိုက်မှုကြောင့် ထိခိုက်သူအမျိုးသားတစ်ဦးကို ဆေးရုံတင်လိုက်ရသည်။

ဩစတြေးလျနိုင်ငံအနောက်ပိုင်း ပထမအဆင့်စက်မှုလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန၏ ပြောကြားချက်အရ အဆိုပါ ငါးမန်းတိုက်ခိုက်မှုသည် ပို့သ်မြို့၏ မြောက်ဘက် ကီလိုမီတာ ၃၈၀ ခန့်အကွာရှိ ဂလင်ဖီးလ်ဒ်ကမ်းခြေတွင် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အခင်းဖြစ်ပွားရာနေရာသို့ အရေးပေါ် လူနာတင်ယာဉ်အဖွဲ့ နှစ်ဖွဲ့စေလွှတ်ခဲ့ပြီး အသက် ၅၀ ကျော်အရွယ် အမျိုးသားတစ်ဦးကို အရေးပေါ်အခြေအနေဖြင့် ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

✪ *ကျောဖုံးမှ*

တာဝန်တစ်ရပ်အဖြစ် တားဆီးနှိမ်နင်းတိုက်ဖျက်ရေး လုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသော စွမ်းအားစု၊ အရင်းအမြစ်များအသုံးပြုပြီး ပြည်သူလူထုနှင့် ပူးပေါင်း၍စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ တာလော့ရပ်ကွက် တာလော့ဈေးအနီး၌ မျိုးမြင့်ဦး(ခ) မျိုးမင်းဦး ၃၀နှစ်၊ (ဘ) ဦးဖြူထွေးပုန်းထွန် ရပ်ကွက်နေသူအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေခဲ့ရာ ၎င်းလွယ်ထားသောလွယ်အိတ်အတွင်းမှ ကတ်တမင်းအဆီ ရည် ၂၈၁ ဒသမ ၆ မီလီလီတာခန့် (ဒေသတန်ဖိုးငွေကျပ် ၈၈၄ ဒသမ ၈ သိန်း) ခန့်ကိုတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ မျိုးမြင့်ဦး(ခ) မျိုးမင်းဦးအား စစ်ဆေးချက်အရ ကတ်တမင်း အဆီရည်များကို လှိုင်ဝင်းတင့်၊ ၃၇ နှစ်(ဘ) ဦးလှအောင်၊ ပါဆပ်ရပ်ကွက် တာချီလိတ်မြို့နေသူထံမှ ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့များက မွန်းလွဲ ၁နာရီခွဲတွင်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မူးယစ်ဆေးဝါး ရောင်းဝယ်သည့် တရားခံများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။

သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ယာဉ်အမှတ်၊ 7L------------ FORTUNER အမျိုးအစား၊ အနက်ရောင်ယာဉ်ဖြင့် တွေ့ရှိရသဖြင့် ထိန်းသိမ်းရှာဖွေ စစ်ဆေးခဲ့ရာ ၎င်းနေအိမ်၌ မူးယစ်ဆေးဝါးများ ကျန်ရှိသေးကြောင်း ထွက်ဆိုသဖြင့် နေ့လယ်ပိုင်းတွင် ၎င်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းမှ အစိမ်းရောင်ပလတ်စတစ်ခြင်းဖြင့် ထည့်ထားသည့် Polly Polar စာတန်းပါ ပန်းရောင်သံဘူးအတွင်းမှ အိုက်စ် ၀ ဒသမ ၀၄ ကီလိုဂရမ်ခန့် ဒေသတန်ဖိုးငွေကျပ် ၃၂၀၀၀၀ ခန့်၊ ကတ်တမင်း ၀ ဒသမ ၀၀၅ ကီလိုဂရမ်ခန့် ဒေသတန်ဖိုးငွေကျပ် ၄၂၅၀၀ ခန့် ပလတ်စတစ်အကြည်ဖြင့် ထည့်လျက် အဆင့်နိမ့်ဘိန်း ၀ ဒသမ ၀၁၆ ကီလိုဂရမ် ဒေသတန်ဖိုးငွေကျပ် ၆၄၀၀ ခန့်၊ အစိမ်းရောင် ပလတ်စတစ်ခြင်းအတွင်းမှ ကတ်တမင်းအဆီရည် ၃ ဒသမ ၈၂ လီတာခန့် ဒေသတန်ဖိုးငွေကျပ် သိန်း ၁၁၇၆၀ ခန့်၊ ကတ်တမင်းအဆီ ၀ ဒသမ ၈ မီလီလီတာဆီပါ Pop ခေါင်း ၁၅ ခု ဒေသတန်ဖိုး ၃၆ သိန်းကျပ်ခန့်၊ စုစုပေါင်း ကတ်တမင်းအဆီရည် ၃ ဒသမ ၉၃၂ လီတာ ကာလတန်ဖိုး ၁ ဒသမ ၁၇၉ ဘီလီယံခန့်နှင့် နေအိမ်အောက်ထပ် မီးဖိုခန်းအတွင်းမှ ဘိန်းစာရွက် တစ်ကီလိုဂရမ်ခန့်၊ ကာလတန်ဖိုးငွေကျပ် ၄၀၀၀၀ ခန့်နှင့် ချောင်းဆိုးပျောက်ဆေးရည် သုံးလီတာခန့်၊ ဒေသတန်ဖိုး ငွေကျပ် ၁၅၀၀၀၀ တို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီး အမှုဖွင့်ဆောင်ရွက်ထားရှိကာ ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် ငွေကျပ်သိန်း ၃၁၀၀ ကျော်တန်ဖိုးရှိ ဆေးခြောက် ၁၅၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက်



တရားခံ ကျော်မိုးဟန်နှင့် ကျော်ဇင်ထွန်းတို့အား ဖမ်းဆီးရမိသည့် ဆေးခြောက်များနှင့်အတူ တွေ့ရစဉ်။

ညောင်တုန်းလမ်းတွင် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်နေ ကျော်မိုးဟန်(၃၄)နှစ် မောင်းနှင်ပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်(၉၄) ရပ်ကွက်နေ ကျော်ဇင်ထွန်း(၃၇)နှစ် လိုက်ပါလာသော SUZUKI EVERY အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဆေးခြောက် လေးကီလိုအား ဖမ်းဆီးရမိပြီး စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၄ နာရီတွင် ဖမ်းမိတရားခံ ကျော်ဇင်ထွန်းနေထိုင်သည့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၉၄) ရပ်ကွက်ရှိ နေအိမ်မှ ဆေးခြောက် ၁၅၁ ကီလိုနှင့်ဆေးခြောက်အရည် လေးလီတာတို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိမှု ဖြစ်စဉ်တွင် ဆေးခြောက်၁၅၅ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၁၀၀)၊ ဆေးခြောက်အရည် လေးလီတာ (တစ်လီတာလျှင် ငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၆ သိန်း) စုစုပေါင်း တန်ဖိုးငွေကျပ် ၃၁၀၃ ဒသမ ၆ သိန်းကို ဖမ်းဆီးရမိသဖြင့် ကျော်ဇင်ထွန်းနှင့် ကျော်မိုးဟန်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းနှင့် ယင်းကဲ့သို့ ဆေးခြောက်ဖြန့်ဖြူးရောင်းချသူများအား ဖော်ထုတ်ဖမ်းဆီးရမိခြင်းမှာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

✤ *ကျောဖုံးမှ*

တိုက်စစ်ဆင်ခဲ့သော်လည်း ပထမပိုင်းအတွင်း ကစားသမားတစ်ဦး အနီကတ် ပြသခံခဲ့ရသဖြင့် ၁၀ ဦးဖြင့်သာ ယှဉ်ပြိုင်ခဲ့ရပြီး ပထမပိုင်း အပြီးတွင် ဂိုးမရှိ သရေကျခဲ့သည်။

ဒုတိယပိုင်း နာကျင်အချိန်ပို (၉၀+၄) မိနစ်တွင် သက်ဝေမိုး၏ သွင်းဂိုးဖြင့် ရှမ်းယူနိုက်တက်က တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးစီ သရေကျသွားသဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ အချိန်ပို မိနစ် ၃၀ တွင်လည်း နှစ်သင်းစလုံး ဂိုးထပ်မံမရှိခဲ့သဖြင့် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှမ်းယူနိုက်တက်အသင်းက Ezra FC အသင်းကိုသုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ Shopee Cup နောက်တစ်ဆင့်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။ **နေမျိုး၊ ဓာတ်ပုံ-AFF**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ငွေကျပ် ၄၃၆ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် သတင်းအရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၃)ရပ်ကွက်နေ မနှင်းအိဖြူ(၂၈)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှစိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၈၀၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၀၀)နှင့် HAPPY WATER ၆၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၆ သိန်း)တို့အား ဖမ်းဆီးရမိသဖြင့် မနှင်းအိဖြူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ရာသီဥတုအကြောင်းပြ ကမ်းနီးဒေသအတွင်း ငါးပုစွန်ဖမ်းဆီးပါက အရေးယူမည်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတု ခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မသန်စွမ်းမှုနှင့် တန်းတူပါဝင်ခွင့် အပိုင်း (၂)

## အတားအဆီးများ ဖယ်ရှားခြင်းနှင့် တန်းတူပါဝင်ခွင့်

**ချို့ယွင်းအားနည်းချက်နှင့် မသန်စွမ်းမှုတို့၏ ကွာခြားချက်ကို နားလည်လာသည့်အခါ မသန်စွမ်းသူများ၏ ပါဝင်ခွင့်ကို ဟန့်တားနေသော အတားအဆီးများကို မည်သို့ဖယ်ရှားရမည်ဆိုသည့် မေးခွန်းပေါ်ပေါက်လာသည်။ ထိုအတားအဆီးများကို ဖယ်ရှားနိုင်ရန် သနားကြင်နာစိတ်တစ်ခုတည်းဖြင့် မလုံလောက်ပေ။ မသန်စွမ်းသူများ၏ တန်းတူအခွင့်အရေးကို အသိအမှတ်ပြုခြင်း၊ ဥပဒေအရ အကာအကွယ်ပေးခြင်းနှင့် လိုအပ်သည့်အစီအမံများကို လက်တွေ့ အကောင်အထည်ဖော်ခြင်းတို့ လိုအပ်သည်။**

မင်းသုတ(ဓနုဖြူ)

### ကွန်ဗင်းရှင်းက ဖော်ပြသည့် အခွင့်အရေးအမြင်

မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် အတည်ပြုချမှတ်ခဲ့ပြီး ၂၀၀၈ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့သည်။ မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းတွင် ဝင်ရောက်ပါဝင်ကြောင်း အတည်ပြုသည့် စာတမ်းကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အပ်နှံခဲ့သည်။ ကွန်ဗင်းရှင်း၏ အပိုဒ် ၄၅၊ အပိုဒ်ခွဲ ၂ အရ စာတမ်းအပ်နှံပြီးနောက် ရက် ၃၀ မြောက်နေ့ဖြစ်သည့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံအတွက် အာဏာသက်ဝင်ခဲ့သည်။

ကွန်ဗင်းရှင်း၏ အပိုဒ် ၁ အရ မသန်စွမ်းသူများတွင် ကိုယ်ကာယပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက် ရေရှည်ရှိနေသူများ ပါဝင်သည်။ ယင်းချို့ယွင်းအားနည်းချက်များသည် အတားအဆီးအမျိုးမျိုးနှင့် ဆုံတွေ့သည့်အခါ လူ့အဖွဲ့အစည်းအတွင်း အခြားသူများနှင့် တန်းတူ အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ခြင်းကို ဟန့်တားနိုင်သည်။ “ပါဝင်သည်” ဟု ဖော်ပြထားသဖြင့် မသန်စွမ်းသူများကို အဆိုပါအမျိုးအစားများဖြင့်သာ ကန့်သတ်သတ်မှတ်ထားခြင်းမဟုတ်ကြောင်း နားလည်ရမည်ဖြစ်သည်။

ဤအမြင်က မသန်စွမ်းသူများကို ကူညီစောင့်ရှောက်ရမည့်သူများအဖြစ်သာ မမြင်ဘဲ အခွင့်အရေးပိုင်ရှင်များအဖြစ် အသိအမှတ်ပြုသည်။ ပညာသင်ယူခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ သတင်းအချက်အလက်ရယူခွင့်နှင့် ကိုယ်ပိုင်ဘဝအတွက် ဆုံးဖြတ်ခွင့်တို့ကို လက်တွေ့ကျင့်သုံးနိုင်ရန် စီစဉ်ပေးခြင်းသည် အထူးအခွင့်အရေးပေးခြင်းမဟုတ်ဘဲ တန်းတူအခွင့်အရေးကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

### လူတိုင်းအတွက် ကြိုတင်ပြင်ဆင်ထားခြင်း

အလွယ်တကူ သွားလာနေထိုင်အသုံးပြုနိုင်ရေးဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် လူတိုင်းအသုံးပြုနိုင်ရန် အဆောက်အအုံ၊ လမ်းပန်းဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် အများပြည်သူသုံး ဝန်ဆောင်မှုများကို ကြိုတင် စီစဉ်ထားခြင်းဖြစ်သည်။ ကွန်ဗင်းရှင်း၏ အပိုဒ် ၉ တွင် မသန်စွမ်းသူများ အမှီအခိုကင်းစွာ နေထိုင်နိုင်ရန်နှင့် လူ့အဖွဲ့အစည်းအတွင်း ပါဝင်နိုင်ရန် အတားအဆီးများကို ရှာဖွေဖော်ထုတ်၍ ဖယ်ရှားပေးရမည်ဟု ဖော်ပြထားသည်။

> **အမြင်အာရုံမသန်စွမ်းသူအတွက် စာမေးပွဲမေးခွန်းလွှာကို အသံထွက်နည်းပညာဖြင့် အသုံးပြုနိုင်သည့် စာဖိုင်အဖြစ်ပေးခြင်းနှင့် အကြားအာရုံမသန်စွမ်းသူ၏ အလုပ်အင်တာဗျူးတွင် လက်သင်္ကေတပြ ဘာသာစကားစကားပြန် စီစဉ်ပေးခြင်းတို့သည် တစ်ဦးချင်း ကြုံတွေ့နေရသည့် အတားအဆီးကို ဖြေရှင်းပေးခြင်းဖြစ်သည်။ ကိုယ်အင်္ဂါမသန်စွမ်းသူအတွက် အပေါ်ထပ်အစား လွယ်ကူစွာ ဝင်ရောက်အသုံးပြုနိုင်သည့် အောက်ထပ်အခန်းတွင် အင်တာဗျူးပြုလုပ်ခြင်းသည်လည်း ဤသဘောတရားနှင့် သက်ဆိုင်သည်**

အဆောက်အအုံတွင် လျှောလမ်းနှင့် ခတ်လှေကား ထည့်သွင်းတည်ဆောက်ခြင်း၊ ကြေညာချက်များကို အသံနှင့် စာသားဖြင့် ဖော်ပြခြင်း၊ ဝက်ဘ်ဆိုက်နှင့် စာဖိုင်များကို အထောက်အကူပြုနည်းပညာဖြင့် အသုံးပြုနိုင်အောင် ပြင်ဆင်ခြင်းတို့သည် ကြိုတင်စီစဉ်ပေးမှုများဖြစ်သည်။ မသန်စွမ်းသူ တစ်ဦးတစ်ယောက်က တောင်းဆိုလာမှ ဆောင်ရွက်ရခြင်းမဟုတ်ဘဲ လိုအပ်ချိန်တွင် မည်သူမဆိုအသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင်ထားရသည်။

ထိုသို့ကြိုတင်စီစဉ်ထားခြင်း၏ အကျိုးကျေးဇူးမှာ မသန်စွမ်းသူများအတွက်သာ မဟုတ်ပေ။ လျှောလမ်းသည် ဘီးတပ်ကုလားထိုင် အသုံးပြုသူအပြင် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးတွန်းလှည်း အသုံးပြုသူတို့အတွက်ပါ အဆင်ပြေစေသည်။ စာတန်းထိုးထားသည့် ကြေညာချက်သည် အကြားအာရုံမသန်စွမ်းသူအတွက် အသုံးဝင်သကဲ့သို့ ဆူညံသည့်နေရာတွင် ရှိနေသူအတွက်လည်း အထောက်အကူဖြစ်စေသည်။

သို့သော် လျှောလမ်းတစ်ခု သို့မဟုတ် စာဖိုင်တစ်ခု ရှိနေခြင်းမျှဖြင့် မလုံလောက်ပေ။ လျှောလမ်းသည် အမှန်တကယ်သွားလာနိုင်သည့် အနေအထားရှိရမည်ဖြစ်သကဲ့သို့ စာဖိုင်သည်လည်း အသံထွက်နည်းပညာဖြင့် မှန်ကန်စွာ ဖတ်ရှုနိုင်ရမည်။ အဆောက်အအုံ တံခါးဝမှ ဝန်ဆောင်မှုရယူသည့်နေရာအထိ အခက်အခဲမရှိ အသုံးပြုနိုင်မှသာ အတားအဆီးကို ထိရောက်စွာ ဖယ်ရှားထားသည်ဟု ဆိုနိုင်မည်ဖြစ်သည်။

### တစ်ဦးချင်းလိုအပ်ချက်အလိုက် ပြင်ဆင်စီစဉ်ပေးခြင်း

လူတိုင်းအတွက် ကြိုတင်ပြင်ဆင်ထားသော်လည်း တစ်ဦးချင်းစီ၏ လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပေ။ လူတစ်ဦးသည် အခွင့်အရေးတစ်ခုကို အခြားသူများနှင့် တန်းတူကျင့်သုံးနိုင်ရန် ထပ်မံပြင်ဆင်စီစဉ်ပေးရန် လိုအပ်လာပါက တစ်ဦးချင်းလိုအပ်ချက်အလိုက် သင့်လျော်စွာ ပြင်ဆင်စီစဉ်ပေးမှုကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။

အမြင်အာရုံမသန်စွမ်းသူအတွက် စာမေးပွဲမေးခွန်းလွှာကို အသံထွက်နည်းပညာဖြင့် အသုံးပြုနိုင်သည့် စာဖိုင်အဖြစ် ပေးခြင်းနှင့် အကြားအာရုံမသန်စွမ်းသူ၏ အလုပ်အင်တာဗျူးတွင် လက်သင်္ကေတပြ ဘာသာစကားစကားပြန် စီစဉ်ပေးခြင်းတို့သည် တစ်ဦးချင်း ကြုံတွေ့နေရသည့် အတားအဆီးကို ဖြေရှင်းပေးခြင်းဖြစ်သည်။ ကိုယ်အင်္ဂါမသန်စွမ်းသူအတွက် အပေါ်ထပ်အစား လွယ်ကူစွာ ဝင်ရောက်အသုံးပြုနိုင်သည့် အောက်ထပ်အခန်းတွင် အင်တာဗျူးပြုလုပ်ခြင်းသည်လည်း ဤသဘောတရားနှင့် သက်ဆိုင်သည်။

မည်သည့်နည်းလမ်းက သင့်လျော်သည်ကို မသန်စွမ်းသူ၏ သဘောထားအား မမေးမြန်းဘဲ ကြိုတင်ဆုံးဖြတ်ခြင်း မပြုသင့်ပေ။ မသန်စွမ်းသူနှင့် တိုင်ပင်၍ အတူတကွဆုံးဖြတ်သင့်သည်။ လူတစ်ဦးအတွက် အဆင်ပြေသည့် အစီအစဉ်သည် အခြားသူတစ်ဦးအတွက် သင့်လျော်ချင်မှ သင့်လျော်မည်ဖြစ်သည်။ စီစဉ်ပေးမှု၏ အဓိကရည်ရွယ်ချက်မှာ ထိုသူ၏ ရွေးချယ်ခွင့်နှင့် တစ်ဦးချင်းလိုအပ်ချက်ကို လေးစား၍ အခွင့်အရေးကို အခြားသူများနှင့် တန်းတူကျင့်သုံးနိုင်စေရန်ဖြစ်သည်။

### တာဝန်နှစ်ရပ်၏ ကွဲပြားချက်

ကွန်ဗင်းရှင်း၏ အပိုဒ် ၂ အရ တစ်ဦးချင်းလိုအပ်ချက်အလိုက် ပြင်ဆင်စီစဉ်ပေးမှုသည် လိုအပ်ပြီး သင့်လျော်ရမည်ဖြစ်သကဲ့သို့ ဆောင်ရွက်ပေးရသူအပေါ် အချိုးမညီသော သို့မဟုတ် လွန်ကဲသော ဝန်ထုပ်ဝန်ပိုး မဖြစ်စေရပါ။ ဤသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပြင်ဆင်စီစဉ်ပေးမှုကို ငြင်းပယ်ခြင်းသည် မသန်စွမ်းမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုဖြစ်သည်။ ဝန်ထုပ်ဝန်ပိုး လွန်ကဲခြင်းရှိမရှိကို ကုန်ကျစရိတ်၊ အဖွဲ့အစည်း၏ အရင်းအမြစ်နှင့် ပြင်ဆင်စီစဉ်ပေးမှုကြောင့် ဖြစ်ပေါ်နိုင်သည့် အကျိုးသက်ရောက်မှုတို့အပေါ် မူတည်၍ သုံးသပ်ရမည်ဖြစ်သည်။

အလွယ်တကူသွားလာနေထိုင် အသုံးပြုနိုင်ရေးနှင့် တစ်ဦးချင်းလိုအပ်ချက်အလိုက် ပြင်ဆင်စီစဉ်ပေးမှုတို့၏ ကွာခြားချက်ကို ကုလသမဂ္ဂကော်မတီ၏ ၂၀၁၄ ခုနှစ် အထွေထွေရှင်းလင်းချက်အမှတ် ၂၊ အပိုဒ် ၂၅ နှင့် ၂၆ တို့တွင် ရှင်းလင်းထားသည်။ ၂၀၁၈ ခုနှစ် အထွေထွေရှင်းလင်းချက်အမှတ် ၆၊ အပိုဒ် ၂၄ နှင့် ၄၁ တို့တွင်လည်း ထပ်မံဖော်ပြထားသည်။ အလွယ်တကူသွားလာနေထိုင် အသုံးပြုနိုင်ရေးသည် လူအများအတွက် ကြိုတင်ဆောင်ရွက်ရသည့်တာဝန်ဖြစ်ပြီး တစ်ဦးချင်းလိုအပ်ချက်အလိုက် ပြင်ဆင်စီစဉ်ပေးမှုမှာ လူတစ်ဦး၏ သီးခြားလိုအပ်ချက် ပေါ်ပေါက်လာချိန်တွင် ဆောင်ရွက်ရသည့် တာဝန်ဖြစ်သည်။

ဥပမာအားဖြင့် စာကြည့်တိုက်တစ်ခုက စာဖိုင်များကို အစကတည်းက အသံထွက်နည်းပညာဖြင့် အသုံးပြုနိုင်အောင် ပြင်ဆင်ထားခြင်းသည် လူအများအတွက် ကြိုတင်စီစဉ်ပေးခြင်းဖြစ်သည်။ ထိုစနစ်တွင် မရှိသေးသည့် စာအုပ်တစ်အုပ်ကို ကျောင်းသားတစ်ဦး၏ လိုအပ်ချက်အရ အသုံးပြုနိုင်သည့်ပုံစံသို့ ပြောင်းလဲပေးခြင်းသည် တစ်ဦးချင်း လိုအပ်ချက်အလိုက် ပြင်ဆင်စီစဉ်ပေးခြင်းဖြစ်သည်။ နှစ်မျိုးစလုံးသည် အထူးအခွင့်အရေးပေးခြင်း မဟုတ်ဘဲ တန်းတူပါဝင်ခွင့်ကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြစ်သည်။

ထို့ကြောင့် အတားအဆီးဖယ်ရှားရေးကို အဆောက်အအုံ ပြင်ဆင်ခြင်းတစ်ခုတည်းအဖြစ် မမြင်သင့်ပေ။ သတင်းအချက်အလက်၊ ဆက်သွယ်ရေး၊ သင်ကြားရေးနှင့် အလုပ်အကိုင်ကဏ္ဍတို့တွင် ရှိနေသည့် အတားအဆီးများကို မသန်စွမ်းသူများနှင့် တိုင်ပင်၍ ရှာဖွေဖော်ထုတ်ရမည်။ လူအများအတွက် အလွယ်တကူသွားလာနေထိုင် အသုံးပြုနိုင်ရေးအတွက် ကြိုတင်စီစဉ်ခြင်းနှင့် တစ်ဦးချင်း လိုအပ်ချက်အလိုက် ပြင်ဆင်စီစဉ်ပေးခြင်းတို့ကို အပြန်အလှန်ဖြည့်ဆည်းနိုင်မှသာ တန်းတူပါဝင်ခွင့်ကို အမှန်တကယ် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ။



(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ဝမ်းတွင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းဇော်မြင့် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး အောင်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် စက်တင်ဘာ ၁၄** နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေ လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အင်းမမြို့ရှိ နယ်မြေခံတပ်၌ ပြုလုပ်ရာ တပ်နယ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**သောင်းသောင်းဖြဖြကြိုဆို**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင် လုပ်ကိုင် စားသောက်နိုင်ရေး နှင့် အသက်အိုးအိမ်စည်းစိမ် ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများ အား တက်ရောက်လာကြသူများ က အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များ ဖြင့်လည်းကောင်း၊ သောင်းသောင်း ဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တပ်နယ်မှ တာဝန် ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်း ပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄** ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာ အနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှ စ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ့်ကျမှု ဖြစ်ပွားခဲ့သည်။

ထိုသို့တာကိုယ်ထည်တိုက်စား ခံရမှုအပေါ် ယာယီကာကွယ်နိုင် ရန်အတွက် တာကိုယ်ထည် တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာ အား ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ ကမ်းပြိုကာကွယ်ရေးသုံး Geo-textine ခင်းခြင်း၊ တာမိုင်(၁၁/၅) နှင့်(၁၁/၆)ကြား Steel Cable Groyne (သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း) ဆောင်ရွက် ခြင်းလုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ဒေသခံပြည်သူ များပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက် အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိ သည်။



ထိုသို့ ဆောင်ရွက်နေမှုများ ကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ကချင်ပြည်နယ် ရွှေကူမြို့နယ် ပြည်သူ့ ဆေးရုံဝင်းအတွင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကျော်မင်းနှင့် ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက် စဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူး စန်းနိုင် ဦးဆောင်၍ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း နှင့် စုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၁၄ ရက်က လဲချားမြို့ အထွေထွေရောဂါကုဆေးရုံ၌ ပြုလုပ်ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

✣ *ကျောဖုံးမှ*

ဒုတိယပိုင်းတွင်လည်း တောင်ကိုရီးယား အသင်းက တိုက်စစ်ဖြင့်ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၅၉ မိနစ်တွင် ကင်မင်ဂျီက စတုတ္ထဂိုး သွင်းယူကာ ၎င်း၏ ဟက်ထရစ်ဂိုးကို ရယူ ပေးခဲ့သည်။ ပွဲချိန် ၇၇ မိနစ်တွင် ချိုယုရီက ပဉ္စမမြောက်ဂိုး သွင်းယူခဲ့ပြီး ပွဲအပြီးတွင် တောင်ကိုရီးယားအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းအနေဖြင့် အာရှထိပ်သီး တောင်ကိုရီးယားအသင်း၏တိုက်စစ်ကို ခံစစ် အပြည့်ဖြင့် ဟန့်တားခဲ့သော်လည်း ချေပဂိုးရရှိ ရန် ရုန်းကန်ခဲ့ရပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် ပေးဂိုး ငါးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည့်အတွက် လက်ကျန်အုပ်စုပွဲစဉ်များတွင် ရလဒ်ကောင်း များရယူနိုင်ရန် လိုအပ်လျက်ရှိသည်။ မြန်မာ အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် စက်တင် ဘာ ၁၇ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။

ယနေ့ယှဉ်ပြိုင်ခဲ့သည့် အခြားအုပ်စုပွဲစဉ် များတွင် အုပ်စု(E)မှ ဂျပန်အသင်းက ထိုင်းအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်း ကောင်း၊ တရုတ်(တိုင်ပေ)အသင်းက ဗီယက် နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး အုပ်စု(G)ပွဲစဉ်တွင် ဖိလစ်ပိုင်နှင့် ဥဇဘက်ကစ္စတန်တို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ **နေမျိုး၊ ခတ်ပုံ-AFF**



ကချင်ပြည်နယ် နမ္မတီးမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထက-နမ္မတီးကျောင်းဝင်း၌ စက်တင်ဘာ ၁၂ ရက်က ရဲစခန်းမှူး ရဲအုပ်ဟိန်းဇော်လတ် ဦးဆောင်မှု ဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

သန်းလွင်ဦး(ပြန်/ဆက်)

❍ *ကျောဖုံးမှ*

ဇဗဲရက်ဗ်သည် ဘင်ရှဲလ်တန်နှင့် ယခင်တွေ့ဆုံခဲ့သည့် ငါးကြိမ်တွင်လည်း ငါးကြိမ်စလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။ အသက် ၂၉ နှစ်အရွယ် ဇဗဲရက်ဗ်သည် ၂၀၂၀ ယူအက်စ်အိုးပင်းပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် ဒိုမီနစ်သိမ်းကို ရှုံးနိမ့်ပြီးနောက် ခြောက်နှစ်အကြာတွင် ယူအက်စ်အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ကားလို့စ်အယ်ကာရက်ဇ်သည် ကွာတားဖိုင်နယ်တွင် ဘင်ရှဲလ်တန်ကို ရှုံးနိမ့်ခဲ့သည့်အတွက် နောက်တစ်ဆင့်တက်လှမ်းခွင့်နှင့် လွဲချော်ခဲ့သည်။ ဇဗဲရက်ဗ်သည် ယူအက်စ်အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ကမ္ဘာ့အဆင့် ရပ်တည်မှုတွင် ရမှတ် ၉၆၉၀ မှတ်ဖြင့် အဆင့် (၂) နေရာတွင်သာ ဆက်လက်ရပ်တည်နေသည်။ ကမ္ဘာ့အဆင့် (၁) နေရာတွင် အီတလီ တင်းနစ်အကျော်အမော် ဂျန်းနစ်ခ်ဆင်းနားက ရမှတ် ၁၁၅၀၀ မှတ်ဖြင့် ဆက်လက်ရပ်တည်နေသည်။

**အောင်ဇော်**

စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ အောက်တိုဘာ ၁ ရက် တွင်ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ပြည်သူ့ ဆေးရုံ အတွင်းအပြင် ပတ်ဝန်းကျင်နေရာများသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဆေးရုံ ဆရာဝန် ကြီး ဦးဆောင်သည့် ဝန်ထမ်းများ အင်အား ၄၀ ဖြင့် စုပေါင်းသန့်ရှင်း ရေး ဆောင်ရွက်စဉ်။

ကျော်မျိုးနိုင်(တောင်သာ)

## လပွတ္တာမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်လှစ်

**လပွတ္တာ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူးကျင်းပသော ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးအောင်ဇော်ဦးတို့က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းတွင် လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၂ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လယ်ဝေးမြို့၌ မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စက်တင်ဘာ ၁၁ ရက်က ပူးပေါင်းကာကွယ် မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေးဆွေးနွေးရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်ခင်ဝင်းမွန်နှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေသွယ်တို့က မီးခိုးမြူငွေ့၏အဓိပ္ပာယ်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုသည်မှာ၊ မီးခိုးမြူငွေ့တွင်ပါဝင်သည့်အရာများ၊ $PM_{2.5}$၏ ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်သည့် အဓိကအကြောင်းရင်းများ၊ ကျန်းမာရေးအတွက် ထိခိုက်နိုင်မှုများ၊ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် သက်ရောက်မှုများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်နိုင်ရန် ပြည်သူလူထုမှ ပါဝင်ဆောင်ရွက်ရမည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ပန်းတောင်း စက်တင်ဘာ ၁၄** မြို့နယ်၌ မြို့နယ်ဥပဒေရုံး၏ ပဲခူးတိုင်းဒေသကြီး ပန်းတောင်း ကြီးကြပ်မှုဖြင့် ကျေးရွာ/ ရပ်ကွက်



အုပ်ချုပ်ရေးမှူးများ ပူးပေါင်း ဖွင့်လှစ်သည့် ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို စက်တင်ဘာ ၈ ရက်က ကျင်းပရာ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်းဆင်းများ ဖြစ်ကြသည့် ဝန်လိုရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ကြခတ် ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့က သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၀ ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပရာ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ချစ်ဦးနွေ့(မြင်းခြံ)

## တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ဗိုလ်လုပွဲကျင်းပ

**တောင်ငူ စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အားကစားကွင်း၌ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အသက် ၁၈ နှစ်အောက် U-18 အမျိုးသား ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိရာ ယမန်နေ့က ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။

အဆိုပါ ဗိုလ်လုပြိုင်ပွဲတွင် တောင်ငူမြို့နယ် (ကိုယ်ပိုင်ကျောင်း) အသင်းကို ထန်းတပင်မြို့နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ဆု ဗိုလ်စွဲခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွေးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် အသင်းနှင့် ကစားသမားများအား ဆုဖလားနှင့် ငွေသားများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



ခရိုင် (ပြန်/ဆက်)



## လင်းခေးမြို့၌ ဒေသလူမှုစီးပွားဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**လင်းခေး စက်တင်ဘာ ၁၄**

လင်းခေးမြို့ မြို့နယ်နွယ်ဝတီခန်းမ၌ လူမှုစီးပွားဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်းနှင့် လင်းခေးမြို့နယ်၏ လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ကလောမြို့နယ် အောင်ပန်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှနိုင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကျော်ဝင်း(ကလော)

## ၂၀၂၆ ခုနှစ် စက်တင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ငါးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် (၁၉)ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။



အဆိုပါဝင်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများ ချခြင်း၊ မျှောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကိုလူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# "သိပ္ပံပညာရှင်များနှင့် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဆောင်းပါးများ" စာအုပ် ထွက်ရှိလာ

စာရေးသူ ဒေါက်တာသန့်စင် (ရူပဗေဒ) ရေးသားသည့် "သိပ္ပံပညာရှင်များနှင့် ခေတ်မီဒစ်ဂျစ်တယ် နည်းပညာဆောင်းပါးများ" စာအုပ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်ရေစီးကြောင်းနှင့်အတူ လူငယ်များအနေဖြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများကို လွယ်ကူစွာ လေ့လာနိုင်စေရန် ရည်ရွယ်ရေးသားထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။




ယနေ့ခေတ် လူငယ်များအနေဖြင့် ခေတ်မီဒစ်ဂျစ်တယ် နည်းပညာများကို လက်တွေ့အသုံးချရာတွင် ပိုမိုနားလည်သဘောပေါက်စေရန်၊ ထို့အပြင် ကမ္ဘာကျော် သိပ္ပံပညာရှင်များ၏ စွမ်းဆောင်ချက်များနှင့် ၎င်းတို့ ရှာဖွေတွေ့ရှိခဲ့သည့် ရူပဗေဒနိယာမများကို အလွယ်တကူ လေ့လာနိုင်စေရန် စာအုပ်တွင် စုစည်းဖော်ပြထားသည်။

စာအုပ်ပါ အကြောင်းအရာများကို အဓိကအားဖြင့် အပိုင်းနှစ်ပိုင်း ခွဲခြားနိုင်သည်။ ပထမပိုင်းတွင် သိပ္ပံပညာရှင်များနှင့် ရူပဗေဒအခြေခံဗဟုသုတများ ပါဝင်သည်။ ကမ္ဘာကျော် ရူပဗေဒပညာရှင်ကြီးများဖြစ်ကြသည့် အိုင်းစတိုင်း၊ ယုကာဝါ၊ ဟိုင်ဇင်ဘတ်၊ အာဝင်ရွှေဒင်းဂါးနှင့် မက်စ်ဘွန်းတို့၏ အကြောင်းများအပြင် ၎င်းတို့၏ ရှာဖွေတွေ့ရှိမှုများကိုလည်း ဖတ်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် ဖိုတွန် (Photon)၊ ပိုင်ယွန် (Pion) အမှုန်များ၊ ကွမ်တမ်ရူပဗေဒ၊ နျူကလီးယားရူပဗေဒ (Nuclear Physics) စသည့်ရှုပ်ထွေးခက်ခဲသည့် ရူပဗေဒဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို လူငယ်များ နားလည်လွယ်စေရန် ဆောင်းပါးများဖြင့် ရှင်းလင်းဖော်ပြထားသည်။ ၂၀၂၃၊ ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များတွင် နိုဘယ်လ်ဆုရရှိခဲ့သည့် ရူပဗေဒပညာရှင်များ အကြောင်းကိုလည်း နောက်ဆုံးပေါ် ဗဟုသုတအဖြစ် ထည့်သွင်းရေးသားထားသည်။

ဒုတိယပိုင်းတွင် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာနှင့် အနာဂတ်နည်းပညာများကို အခန်းလိုက် ဖတ်ရှုနိုင်မည်ဖြစ်သည်။ ယနေ့ခေတ်နှင့် အနာဂတ်တွင် ပိုမိုအရေးပါလာမည့် နည်းပညာရပ်များအနက် စမတ်စနစ်များ ကဏ္ဍ၌ ခေတ်မီနည်းပညာသုံးအိမ်များ (SMART HOME) နှင့် စမတ်ကားရပ်နားသည့်နေရာများ (Smart Car Parking)၊ အနာဂတ်ယာဉ်လိုင်းတွင် ၂၀၃၀ ပြည့်နှစ်အလွန် ထွက်ပေါ်လာမည့် ဟိုက်ဒရိုဂျင်သုံး လျှပ်စစ်ကားများ၊ စွမ်းအင်နှင့် ကွန်ပျူတာကဏ္ဍတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်း၊ ကွမ်တမ်ကွန်ပျူတာနှင့် နည်းပညာသစ်များအကြောင်းကို ထည့်သွင်းဖော်ပြထားသည်။

ထို့အပြင် အီလက်ထရွန်နစ်နှင့် AI ကဏ္ဍတွင် တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductor) ထုတ်လုပ်သည့် ကမ္ဘာကျော် ASML ကုမ္ပဏီအကြောင်းနှင့် လူသားတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာမည့် AI (Artificial Intelligence) အကြောင်းများကိုလည်း စိတ်ဝင်စားဖွယ် ရေးသားထားသည်။

အဆိုပါစာအုပ်ကို ဒေါ်စီစီလှိုင် (မြဲ-၀၀၂၂၈)၊ မိုးကျော်စာပေက ထုတ်ဝေထားခြင်းဖြစ်ပြီး ပထမအကြိမ် ထုတ်ဝေမှုဖြစ်သည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၀၀၀၀ ဖြစ်ပြီး စာအုပ်ဆိုင်များတွင် ဝယ်ယူဖတ်ရှုနိုင်ပြီဖြစ်သည်။

စာရေးသူ ဒေါက်တာသန့်စင် (ရူပဗေဒ) က ယနေ့ခေတ်လူငယ်များသည် အင်တာနက်၊ ကွန်ပျူတာနှင့် စမတ်ဖုန်းများကို အသုံးပြု၍ သိပ္ပံဆောင်းပါးများကို လေ့လာနေကြပြီဖြစ်သော်လည်း အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာသစ်များကို မျက်ခြည်မပြတ် လေ့လာနိုင်ရန် ဤစာအုပ်က တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် လက်စွဲစာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း အမှာစကားတွင် ရေးသားထားသည်။

သိပ္ပံပညာကို ဝါသနာပါသူများအပြင် ခေတ်ရွေ့ပြောင်းနည်းပညာများကို စိတ်ဝင်စားသူများအတွက်လည်း ဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်အဖြစ် ညွှန်းဆိုလိုက်ရပါသည်။

**မြန်မာ့အလင်း**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဦးဆောင်၍ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၁၁ ရက်က ထားဝယ်မြို့ ကျောက်မော်ရပ်ကွက် ဝဲကြီးတောင်ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစဉ်။

ငွေဇင်ယော်(ထားဝယ်)



ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၃ ရက်က (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှနိုင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၉၅ ဦး၊ မိသားစုဝင် ၃၅ ဦးတို့က စာသင်ကျောင်းဝင်း အတွင်း၊ အပြင်ရှိ ချုံ၊ နွယ်မြက်ပင်များခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ကျော်ဝင်း(ကလော)



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်မိသားစု ၄၀ ဖြင့် ကန်ပန်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း အတွင်း၊ အပြင် အမှိုက်သရိုက်များ သိမ်းဆည်းခြင်း၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



မတ္တရာမြို့နယ်၌ (၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က မတ္တရာမြို့ အထက (၁)၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်လွင်နှင့် တပ်ဖွဲ့ဝင်များက ကျောင်းဝင်း အတွင်း၊ အပြင် သန့်ရှင်းသာယာလှပစေရေး ပေါင်းမြက်များ၊ ချုံနွယ်များ၊ အမှိုက်များကို ရှင်းလင်းခြင်းများ ပြုလုပ်ကြစဉ်။

ရွှေရာသား

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီး မှုအမှတ် -၂၃၉

ဒေါ်လဇွမ်လုမိုင် နှင့် ဒေါ်ဦး(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ဆုမွန်အောင်)
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်းရပ်ကွက်၊ လမ်း၁၂၀x မင်္ဂလာလမ်းထောင့်၊ အပိုင်း(၁၇)၊ အမှတ်(၁၄)နေ ဒေါ်ဦး(ဘ)ဦးဂေါ်ရာ(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ဆုမွန်အောင်(ဘ)ဦးအောင်ရဲ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်လဇွမ်လုမိုင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၃)၊ ဦးပိုင်အမှတ်(၆၁+၆၂)၊ ဧရိယာ(၀.၀၂၇၅+၀.၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်ဦး အမည်ပေါက်ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
တွဲဖက်မြို့နယ်တရားသူကြီး( ၁ )
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## အမည်မှန်

လယ်ဝေးမြို့နယ် ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဒေါ်စမ်းစမ်းသွယ်၏အမည်မှန်မှာ ဒေါ်စန်းစန်းသွယ် ၃/ကဆက (နိုင်) ၀၀၁၁၃၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ အ.ထ.က(၃) Grade-12 မှ (ဘ) ဦးစိန်သန်း၏ သမီး မဇင်မာသန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၅-၂၀၀၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အလန်းကြီး (၁) အခြေခံပညာ အလယ်တန်းကျောင်း Grade -8 တွင် ပညာသင်ကြားနေသော မောင်မင်းခန့်လွင်၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးကျော်သူ (၁၄/မအပ(နိုင်)၁၇၈၉၄၅) ဖြစ်ပါကြောင်း။

ဦးနေမျိုးကျော်သူ

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ ထက်မြက်ရတနာကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 မှ မောင်ကြယ်စင်မင်း၏ ဖခင်အမည်မှန်မှာ ဦးလှဝင်း ၁၄/ဇလန(နိုင်)၁၁၉၂၆၆ ဖြစ်ပါကြောင်း။

ဦးလှဝင်း

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်-၃၉(ဃ)ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၂၇၀x၂၇၁)၊ မြေဧရိယာ(၀.၁၀၅)ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၂၁/၁၉၉၃-၁၉၉၄ အရ ဦးဂွမ်၊ ဒေါ်လှထွေး တို့အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ ကွယ်လွန်ခဲ့သဖြင့် သားသမီးများ ဖြစ်သည့် ဒေါ်အေးအေးသွယ်ပါ(၇)ဦးတို့မှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း မွက်ဟကြေညာ စာချုပ်အမှတ်(၀၆၆/၂၀၂၆)ဖြင့် မွက်ဟကြေညာခဲ့ပြီး(၂၇-၃-၂၀၀၄)ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေငှားဂရန်အား (အသစ်)လျှောက်ထားနိုင်ရေး ဒေါ်အေးအေးသွယ် . ၆/မအရ(နိုင်) ၀၃၂၅၀၈ပါ (၇)ဦးတို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့ ၊ အနောက် / မြို့တွင်းရပ်ကွက်၊ အကွက်အမှတ် ( ၄၃ )၊ အကွက်အမည် - မြို့တွင်းအကွက် ၊ ဦးပိုင်အမှတ် ( ၈၃ ) ၊ မြေဧရိယာ( ၀.၀၇၈ ) ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

- (က) အရှေ့လားသော် - ဦးပိုင်အမှတ်(၈၄)၊
- (ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၈၂)၊
- (ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၈၁-က)၊
- (ဃ) မြောက်လားသော် - နိဗ္ဗာန်လမ်း

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း)ပေးရန် ဒေါ်လှသီတာသန်း ပါ(၇)ဦး မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၈) ရက် မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး၊မြို့နယ်မြေစာရင်းဦးစီးဌာန ၊ ထားဝယ်မြို့

## အမည်ပြောင်း

တောင်ကြီးမြို့၊ အထက (ခွဲ) ထီသိမ်ရွေး(တ) Grade-12 မှ စိုင်းလုံဝမ်း၏ ဖခင် ဦးစိုင်းပန်အား ဦးဆန်ပန်ဟု ပြောင်းလဲခေါ်ပါရန်။

## ပတ်စ်ပို့ပျောက်

ကျောက်တလုံးကြီးမြို့၊ နားဟီးအုပ်စု နေ (ဘ)ဦးကျန်၏သမီး နန်းလျှူး ၁၃/ကတလ(နိုင်)၀၁၄၀၃၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MG-961018) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၁၉၃၄၉၀

## ပတ်စ်ပို့ပျောက်

ညောင်ရွှေမြို့၊ တောင်တိုအုပ်စု၊ ကံတတ်ပင်ရွာနေ (ဘ)ဦးတင်ဦး ၏ သား မောင်လျှမ်းထက်ဦး ၁၃/ညရန (နိုင်) ၁၁၃၈၁၀၏ နိုင်ငံကူး လက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၁၉၄၉၃၀

## ပတ်စ်ပို့ပျောက်

ပန်ဆိုင်း(ကျူကုတ်)မြို့၊ အမှတ်(၁) ရပ်ကွက်နေ (ဘ)ဦးကော်ဟိုဇုံး ၏ သမီး ကော်ချင်ဂျောင်း ၁၃/ကခန(နိုင်) ၀၆၂၁၃၈၏ နိုင်ငံကူးလက်မှတ် အမှတ် (MA-399307)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၂၈၂၈၉၀

## အသိပေးအကြောင်းကြားခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ် သစ်တောဦးစီးဌာန ကြိုးဝိုင်း/ကြိုးပြင်ကာကွယ် တောများတွင် နှစ်(၃၀)မြေငှားစာချုပ်ဖြင့် ခွင့်ပြုထားရှိသည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် စပ်လျဉ်း၍ မြေငှားရမ်းခများအား ပုဂ္ဂလိကသစ်တောစိုက်ခင်းအမျိုးအစားအလိုက် သတ်မှတ်နှုန်းထားများအတိုင်း နှစ်စဉ်ပေးသွင်းရမည်ဖြစ်သော်လည်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်နှင့် ၂၀၂၆-၂၀၂၇ များအတွက် မြေငှားရမ်းခများ၊ နောက်ကျဒဏ်ကြေးများအား ပေးသွင်းရန်ကျန်ရှိသည့်ကုမ္ပဏီ/ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် လာရောက်ပေးသွင်းစေရန်စာဖြင့် နှိုးဆော်အကြောင်းကြားထားသော်လည်း ယနေ့အချိန်အထိ လာရောက်ပေးသွင်းခြင်းမရှိပါသဖြင့် (၃၀-၉-၂၀၂၆) ရက် နောက်ဆုံးထား၍အမြန်ဆုံး လာရောက်ပေးသွင်းပါရန်နှင့် လာရောက်ပေးသွင်းခြင်းမရှိပါက စာချုပ်စည်းကမ်းနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့နယ်သစ်တောဦးစီးဌာန၊မြဝတီမြို့နယ်

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ရာဇသင်္ကြန်(၃)လမ်း၊ မြေကွက်အမှတ် (၁၅၂)၊ မြေပေအကျယ်(၄၀x၆၀)ရှိ ဦးသိန်းထွန်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့၏ သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသူများ ဖြစ်ကြသော ဦးသိန်းထွန်း(၁၂/ဥကတ(နိုင်)၀၁၂၇၀၃)၊ ဒေါ်သောင်းသောင်းဝင်း (၁၂/ဥကတ(နိုင်)၀၁၂၈၀၇)၊ ဦးကျော်မြင့် (၁၂/ဥကတ(နိုင်)၀၁၂၇၀၇)၊ ဒေါ်ရီရီဝင်း(၁၂/ဥကတ(နိုင်)၀၁၂၆၈၇)နှင့် ဦးအောင်ကျော်ဌေး (၁၂/ဥကတ(နိုင်) ၁၃၆၅၇၅) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၇၃၄၇, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းမြင့် ၆/လလန(နိုင်) ၀၁၆၆၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၈၂၉၆, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လတ်လတ်ချို ၆/ထဝန(နိုင်)၁၇၉၃၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/27544, JLM,-125 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းထိုက်အောင် ၂/လကန(နိုင်)၁၃၀၃၁၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး
(လွိုင်ကော်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/22172, O Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးမြ ၂/လကန(နိုင်)၀၄၉၅၀၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး
(လွိုင်ကော်)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆ သမိုင်း၊ မြေကွက်အမှတ် ၁၈/က.၇.A၊ (၀ဒသမ၂၈၅)ဧက၊ မြေကွက်တည်နေရာအမှတ် (၃)၊ ပါရမီလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်တင်တင်ဝေ (၁၂/မရက (နိုင်)၀၇၀၆၂၄) အမည်ပေါက်မြေပိုင်မြေ၊ လ/န ၃၉ ရပြီး မြေအား ဦးသိန်းရွှေ (၁၂/ကမရ(နိုင်)၀၂၇၇၁၅) က အမည်ပေါက်ဇနီးဖြစ်သူ ဒေါ်တင်တင်ဝေသည် ၂၀-၆-၂၀၂၃ ရက်တွင် ကွယ်လွန်ခဲ့ပါကြောင်း၊ မိမိသည် ကွယ်လွန်သူ ဒေါ်တင်တင်ဝေ၏ တရားဝင်ခင်ပွန်းဖြစ်ပါကြောင်း၊ ဇနီးဖြစ်သူ ကွယ်လွန်ပြီးနောက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ခင်ပွန်းဖြစ်သူ မိမိတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံသူအဖြစ် ကျန်ရစ်ပြီး အခြားအမွေဆက်ခံပိုင်ဆိုင်သူတစ်ဦးတစ်ယောက်မျှမရှိတော့ပါကြောင်း ကျမ်းကျိန်လွှာအမှတ် - ၆၆၀/၂၀၂၆ (၉-၇-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက်စာချုပ်မိတ္တူမှန်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈/က)၊ မြေကွက်အမှတ်(၃၆၄) [ဦးမြင့်ကျော် (၁၂/သကတ (နိုင်)၂၇၈၄၆၁)အမည်ပေါက် ]၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေချပါမစ် မြေကွက်နှင့် မြေကွက်အမှတ်(၃၆၅) [ဦးမိုးဝင်း (၁၂/သကတ(နိုင်)၂၁၁၂၀၁)အမည်ပေါက် ]၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိမြေချပါမစ်မြေကွက်၊ စုစုပေါင်း မြေကွက်(၂)ကွက်အား မြေအမည်ပေါက်များထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်အောင်လွင် (၁၂/သဃက(နိုင်)၁၃၇၂၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနေမျိုးအောင် (၃/မဝတ(နိုင်)၀၆၉၅၁၄)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ် စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ၇/ပုသိမ်မြေရပ်ကွက်၊ (၁)လမ်း၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်-(ပဉ္စမထပ်) ၆-လွှာ(B)ခြေရင်းခန်းတိုက်မျက်နှာမူလျှင်(ညာ)ခြမ်း၊ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်မြင့် (၁၄/လပတ(နိုင်)၁၁၅၆၁၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရည်မွန်ချမ်းမြေ့ကံ (၁၂/ဒဂရ(နိုင်)၀၂၀၄၄၉)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃) ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆) ဒေါ်သိမ့်သဉ္ဇလီ (LL.B, LLM) (စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ -၄၄၃၀၂၆၁၉၉၊ ၀၉ -၇၃၀၂၆၁၉၉**

## ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်း အများသိစေရန် ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၁၀၆၅၊ မြေကွက်တည်နေရာအမှတ် ၁၀၆၅၊ ပိတောက်မြိုင်လမ်း၊ (၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်ညွန့်ညွန့်သန်း ၁၂/ဗတထ(နိုင်)၀၁၀၀၈၄)အမည်ပေါက် နှစ် (၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဒေါ်ညွန့်ညွန့်သန်း ၁၂/ဗတထ(နိုင်) ၀၁၀၀၈၄ကိုယ်တိုင်မှ ယင်းမြေ၏ နှစ်(၆၀) မြေငှား စာချုပ်(ဂရန်)မူရင်းမှာ ၎င်း၏ လက်ဝယ်တွင် ပိုးစားခြကိုက်ပျက်စီးပြီး စာရွက်စာတမ်းစုံလင်ခြင်း မရှိကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ ရဲစခန်း ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)၊ ခြကိုက် ပျက်စီးတို့ တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင် ကွင်းဆင်းစစ်ဆေးခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သီးခြားသတင်းစာ ကြော်ငြာခြင်း များ ဆောင်ရွက်ခဲ့ရာ ကန့်ကွက်မှု မပေါ်ပေါက်သဖြင့် ဒဂမ/ဂရန်မိတ္တူ-၂၀၂၅၀ ၁၅၁၄၇/၂၀၂၅(၂၂-၅-၂၀၂၅)ဖြင့် ဒေါ်ညွန့်ညွန့်သန်းမှ ဂရန်မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီး ဖြစ်ပါသဖြင့် အမှုတွဲအမှတ် ၁၂၆၁/၂-၂-၉၅ ဖြင့် မူလထုတ်ပေးထားသည့် ဒေါ်ညွန့်ညွန့်သန်း ၁၂/ဗတထ(နိုင်)၀၁၀၀၈၄ အမည်နှစ်(၆၀)မြေငှား စာချုပ် (ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

